# Voice of Burma

*Published by Voice of Burma Information Group* *Issue No. 729 SEPTEMBER 27, 2009*



**1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN**
**Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , koko@gol.com**


## အမေရိကန်အနေနဲ့ နှစ်ဖက်စလုံးကို တိုက်ရိုက်ဆွေးနွေးသင့်ကြောင်းဒေါ်စုပြောဆို

**RFA၊ စက်တင်ဘာ ၂၅။** ။ အမေရိကန်အစိုးရက မြန်မာစစ်အစိုးရကို တိုက်ရိုက်ဆက်ဆံမှုအပါအဝင် မြန်မာနိုင်ငံဆိုင်ရာ မူဝါဒအပြောင်းအလဲအပေါ် ဒေါ်အောင်ဆန်းစုကြည်က လက်ခံကြောင်း၊ ဒီလိုတိုက်ရိုက်ဆက်ဆံမှုဟာ စစ်အစိုးရကိုရော အတိုက်အခံအင်အားစုတွေကိုပါ နှစ်ဘက်စလုံးနဲ့ ပြုလုပ်သင့်ကြောင်း မနေ့ကပြောဆိုလိုက်ပါတယ်။

ရှေ့နေတွေမနေ့က သွားရောက်တွေ့ဆုံစဉ် ဒေါ်အောင်ဆန်းစုကြည်က သူမရဲ့သဘောထားကို ပြောဆိုခဲ့တာဖြစ်ကြောင်း ရှေ့နေဦးဉာဏ်ဝင်းက အခုလိုပြောပြပါတယ်။

“ကျနော်ပြောပြတယ်၊ ကျနော်ပြောပြတယ်ဆိုတာ ကျနော်ကဘာစာရွက် စာတမ်းမှကျနော့်မှာ မရှိပါဘူး။ သတင်းတွေကနေကျနော်ကြားတယ်၊ အဲဒီတော့ Sanction ဆောင်ရွက်တာကိုလည်း မရပ်ဘူး ဆက်လုပ်မယ်၊ တခြားတဘက်မှာလည်း direct engagement လုပ်မယ်လို့ ဒီလိုကျနော်တို့က နားလည်တယ်။ ဒီလိုပြောပြပါတယ်၊ ပြောပြတော့ ဒေါ်အောင်ဆန်းစုကြည်က ဒါဟာကောင်းပါတယ်တဲ့။

သူ့အနေနဲ့တော့ လက်ခံတယ်တဲ့၊ သူ့အနေနဲ့လည်း အရင်ကတည်းက တိုက်ရိုက်တွေ့ဆုံရေးကို အမြဲတမ်းသူကြိုတဲ့အခါပြောခဲ့ပါတယ်တဲ့။ ဒါပေမယ်လို့ ဒေါ်အောင်ဆန်းစုကြည်ဖြည့်ပြောတာက on both side တဲ့ engage လုပ်ဘို့လိုတယ်တဲ့။ on both side ဆိုတာ အစိုးရဘက်ရော အတိုက်အခံဘက်ရော ဒီလိုဆိုလို တာပါ။”

အမေရိကန်အစိုးရက မြန်မာစစ်အစိုးရအပေါ်ထားရှိမယ့် ဆက်ဆံရေးအသစ်ကိစ္စနဲ့ပတ်သက်ပြီး ရန်ကုန်မြို့က အမေရိကန်သံရုံးတာဝန်ခံ Larry Dinger နဲ့ နိုင်ငံရေးနဲ့စီးပွားရေးဗျူရိုတာဝန်ခံ Jennifer Harhigh တို့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်တွေကို မနေ့ကနေ့လည် ၂ နာရီက NLD ရုံးချုပ်မှာ သွားရောက်ရှင်းလင်းပြောဆိုခဲ့ပါတယ်။ NLD ပါတီ ပြန်ကြားရေးအဖွဲ့တာဝန်ခံ ဗဟိုအလုပ်အမှုဆောင် ဦးခင်မောင်ဆွေက RFA ကို အခုလိုပြောပြပါတယ်။

“သူတို့လုပ်ထားတဲ့အလုပ်တွေကို လာပြောပြတာ။ မကြာခင်မှာဘဲ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ အမေရိကန်နိုင်ငံခြားရေးမူဝါဒရဲ့ အခြေခံသဘောထားတွေကို ထုတ်ပြန်မယ်ပေါ့ဗျာ။ အခုတော့ မထုတ်ပြန်ရသေးတဲ့အခါကျတော့ ဒါကိုလာပြီးရှင်း ပြတယ်ပေါ့ဗျာ။ ဒါကလည်း နိုင်ငံခြားရေးဝါဒမှာ ပါမယ့်သဘောထားတွေနဲ့ သိပ်ပြီးမဝေးလှဘူးလို့တော့ ဝန်ခံသွားတယ်သူက။”

စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့အရေးယူတဲ့ကိစ္စဟာ ဒေါ်အောင်ဆန်းစုကြည်ပြောထားသလို သက်ဆိုင်ရာနိုင်ငံတွေကသာ အဓိကကျကြောင်း၊ NLD ပါတီအနေနဲ့ပြန်လည်ပြောဆိုလိုက်တယ်လို့ သိရပါတယ်။ အမေရိကန်ရဲ့မူဝါဒအပေါ် NLD ပါတီရဲ့ သဘောထားနဲ့ပတ်သက်လို့လည်း ဗဟိုအလုပ်အမှုဆောင် ဦးခင်မောင်ဆွေက အခုလို ပြောပါတယ်။

“ကျနော်တို့ကလည်း ဒါက ခါတိုင်းသဘောထားအတိုင်း Sanction ချတယ်၊ ဖွင့်လှစ်တယ်ဆိုတာက ကျနော်တို့နဲ့တိုက်ရိုက်မပတ်သက်ပါဘူးလို့။ ဒါ သက်ဆိုင်ရာနိုင်ငံတွေရဲ့သဘောထားဘဲဖြစ်တယ်၊ ဒေါ်အောင်ဆန်းစုကြည်ပြောထားတဲ့အတိုင်းပါဘဲလို့။ ဒါပေမယ့် ပိုမိုကောင်းမွန်မယ့်အနေအထားတွေ ပူးပေါင်းဆက်ဆံမယ်ဆိုတဲ့အနေအထားတွေ ရှိလာတာကိုတော့ ကျုပ်တို့ကတော့ ကြိုဆိုရမှာပေါ့လို့။ သူတို့က engagement ပေါ့ဗျာ၊ တပ်မတော်အစိုးရနဲ့ပိုနီးကပ်တဲ့ engagement ကို လုပ်မယ့်သဘောပေါ့။ အဲဒီ engagement သဘောလုပ်မယ်ဆိုရင်လည်းကောင်းပါတယ်လို့ ဒါပေမယ်လို့ engagement က including democractic sources တွေ ပေါ့။ အဓိကက ဒေါ်အောင်ဆန်းစုကြည်ပေါ့။ အဲဒါတွေပါဝင်မယ့်အနေအထားရောက်အောင် သွားနိုင်မယ်ဆိုရင်တော့ကာ political breakthrough ဖြစ်မှာဘဲလို့ အဲန်ကဲယ်တို့က ပြောလိုက်တယ်လေ။”

အခုလို အမေရိကန်အစိုးရရဲ့ နိုင်ငံခြားရေးမူဝါဒအသစ်နဲ့ပတ်သက်ပြီး ဦးခင်မောင်ဆွေက သူ့အနေနဲ့ကြိုဆိုသော်လည်း သတိဖြင့်ဂရုတစိုက်ကြိုရမှာဖြစ်တယ်လို့ပြောပါတယ်။

“ကျနော့်အနေနဲ့ အလွတ်သဘောပြောရရင်တော့ ဒါကိုဂရုတစိုက်ကြိုဆိုရမှာပေါ့ဗျာ။ အရှေ့တောင်အာရှအသင်းမှာလည်းဘဲ အပြုသဘောဆောင်တဲ့ဆက်ဆံမှုတွေ တိုးမြှင့်ဆောင်ရွက်မယ်ဆိုပြီးတော့ ဆယ်စုနှစ်တစုကျော်လောက်လုပ်ခဲ့ပေမယ်လို့ တကယ်တမ်းကျတော့အကျိုးသက်ရောက်မှုမရှိခဲ့ဘူး။ ဒါပေမယ့် အခုပုံစံကတော့ အာဆီယံပုံစံနဲ့ဆို နည်းနည်းကွာခြားတယ်လို့ ယူဆဖွယ်ရာရှိတာ ပေါ့လေ။

**စာမျက်နှာ ၇ သို့**


**ပိတ်ဆို့ အရေးယူမှုရုပ်သိမ်းရေး နအဖဗိုလ်ချုပ်များနဲ့ ဒေါ်စု ပူးပေါင်းဆောင်ရွက်လို** — စာမျက်နှာ ၂

**ကိုးကန့် ဒေသကွပ်ကဲရေး စစ်ဆင်ရေးမှူး ဗိုလ်မှူး ချုပ်ဝင်းမောင် ဖမ်းဆီးအရေးယူ** — စာမျက်နှာ ၅

**ကျပ် ၅၀၀၀ တန်ဂဃက်ကြောင့် ရန်ကုန်စီးပွားရေး ကမောက်ကမဖြစ်** — စာမျက်နှာ ၈

**ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးတို့ နဲ့ တွေ့ဆုံခွင့်ရဘို့ အဖွဲ့ ချုပ်တောင်းဆို** — စာမျက်နှာ ၁၄

**အကျဉ်းသားများ လွတ်မြောက် မှုအပေါ် အဖွဲ့ချုပ်က ကြေညာချက်ထုတ်ပြန်** — စာမျက်နှာ ၁၆

**တိုင်းပြည်အကျိုး ရှေးရှုလျှင် နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ရန်လို** — စာမျက်နှာ ၁၈

VOB အာဘော်

# တံလျှပ်ကိုရေထင်လျှင်

နိုင်ငံတကာအစည်းအဝေးများ၊ မြန်မာပြည်အပေါ်ဖိအားများကျလာမည့်အခြေအနေမျိုး အချိန်အခါမျိုး၌ စစ်အာဏာရှင်များသည် နိုင်ငံတွင်းက အကျဉ်းသားတွေကို လွှတ်ပေးလေ့ရှိသည်၊ အဲဒီအခါမျိုး၌ နိုင်ငံတကာ အသိုင်းအဝိုင်းက သဘောကျအားပေးလေ့ရှိသည်။ ဤသည်မှာ မြန်မာ့အရေးနှင့်ပတ်သက်၍ လွန်ခဲ့သောနှစ်ပေါင်း ၂၀ အတွင်း အကြိမ်ပေါင်းများစွာဖြစ်ခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလည်း ထိုကဲ့သို့အခြေအနေမျိုးကို ဝမ်းမြောက်စွာဖြင့် ကြိုဆိုလေ့ရှိသည်။ စစ်အာဏာရှင်များကလည်း ဖမ်းလိုက် လွှတ်လိုက်လုပ်ကာ နိုင်ငံရေးအကျပ်အတည်းနှင့် နိုင်ငံတကာဖိအားများကို ရှောင်ရှားလေ့ရှိသည်။

တချိန်တည်းမှာပင် အမေရိကန်ပြည်ထောင်စုကလည်း မြန်မာပြည်အပေါ်ထားရှိသည့်သဘောထားကို အနည်းငယ်ပြောင်းလဲလိုက်သည်။ ပြစ်ဒဏ်ခတ်အရေးယူမှုများကို ဖယ်ရှားခြင်းမရှိပဲ၊ စစ်အာဏာရှင်များနှင့် တိုက်ရိုက်ဆက်ဆံမှုများပြုမည်ဟု ကြေညာခဲ့သည်။ စစ်အုပ်စုဝန်ကြီးချုပ် သိန်းစိန် နယူးယောက် ကုလသမဂ္ဂအထွေထွေ ညီလာခံတွင်တက်ရောက်မိန့်ခွန်းပြောကြားသည်။ ထိုကဲ့သို့ နယူးယောက်သို့သွားခြင်းသည် စစ်အာဏာရှင်များက မြန်မာပြည်တွင်းအခြေအနေနှင့်ပတ်သက်၍ နိုင်ငံတကာအသိုင်းအဝိုင်းသို့ အသိပေးလိုခြင်းကြောင့်ဖြစ်သည်။

ထိုအတောအတွင်း ပြည်တွင်း၌လည်း ရွေးကောက်ပွဲဝင်မည်ဟု အတိအလင်းထုတ်ဖော်ပြောသူများလည်းရှိနေသည်၊ ပြင်ဆင်နေသူများလည်းရှိနေသည်။ မည်သို့သောအခြေအနေတွင်ရှိနေစေကာမူ စစ်အာဏာရှင်များသည် ရွေးကောက်ပွဲကို မဖြစ်မနေရအောင်လုပ်မည့်အခြေအနေတွင်ရှိနေသည်။ ရွေးကောက်ပွဲဖြစ်မှသာ ၂၀၀၈ ခုနှစ်အခြေခံဥပဒေကို ရွေးကောက်ပွဲအနိုင်ရကိုယ်စားလှယ်များ အကောင်အထည်ဖော်စေမည်ဖြစ်သည်။ ၂၀၀၈ ခုနှစ် အခြေခံဥပဒေကို အကောင်အထည်ဖော်ဖြစ်လျှင် စစ်အာဏာရှင်စနစ်ဆက်လက်တည်တံ့ရေးအတွက် အာဏာရှင်ဗိုလ်ချုပ်ကြီးများ စိတ်အေးလက်ချစွာဖြင့် နေနိုင်မည်ဖြစ်ပေသည်။

စစ်အာဏာရှင်များဘက်မှ အနည်းငယ်ပြောင်းလဲပြလိုက်သည်ကို ယုံကြည်လျှင် တသက်လုံးစစ်ဘိနပ်အောက်မှလွတ်မြောက်မည်မဟုတ်ပေ၊ နိုင်ငံရေးအကျဉ်းသားတချို့အပါအဝင် အကျဉ်းသားများကို လွှတ်ပေးခြင်းသည် မြန်မာပြည်တွင်း စစ်မှန်သောအပြောင်းအလဲကိုလုပ်လို၍မဟုတ်၊ အာဏာဆက်လက်ချုပ်ကိုင်နိုင်ရေးအတွက် အသုံးချသောနည်းဗျူဟာတခုဖြစ်သည်ကို ကောင်းစွာနားလည်သဘောပေါက်ရန်လိုအပ်ပေသည်။ ထိုသို့မဟုတ်ပဲ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ခွန်ထွန်းဦး၊ မင်းကိုနိုင်အပါအဝင် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များကို ပြန်လွှတ်ပေးခြင်းမရှိလျှင် မြန်မာပြည်၌ စစ်မှန်သောအပြောင်းအလဲကို နအဖက ဖော်ဆောင်မည်မဟုတ်၊ နိုင်ငံရေးအကျဉ်းသား ရာဂဏန်းမျှလွှတ်ပေးလိုက်ခြင်းကို ဝမ်းသာကျေနပ်နေလျှင် မြန်မာပြည်သူတရပ်လုံးစစ်ဘိနပ်အောက် မှလွတ်မြောက်မည်မဟုတ်ဟု သတိပေးလိုက်ရပေသည်။

---

# ပိတ်ဆို့အရေးယူမှုရုပ်သိမ်းရေး နအဖဗိုလ်ချုပ်များနဲ့ ဒေါ်စု ပူးပေါင်းဆောင်ရွက်လို

**VOA၊ စက်တင်ဘာ ၂၉။ ။** မြန်မာနိုင်ငံအပေါ် နိုင်ငံတကာရဲ့စီးပွားရေးပိတ်ဆို့မှုကို ရုပ်သိမ်းနိုင်ရေးအတွက် ဒေါ်အောင်ဆန်းစုကြည်ဟာ စစ်အစိုးရနဲ့ပူးပေါင်းဆောင်ရွက်လိုကြောင်းနဲ့ ဒီလိုပူးပေါင်းဆောင်ရွက်နိုင်အောင် စီစဉ်ပေးဘို့မေတ္တာရပ်ခံအကြောင်းကြားတဲ့စာကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆီကိုပို့ဘို့ ဒေါ်အောင်ဆန်းစုကြည်ဟာ လက်မှတ်ရေးထိုးထားပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုသွားရောက်တွေ့ဆုံခဲ့တဲ့ NLD ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းကိုဆက်သွယ်မေးမြန်းတဲ့အခါမှာ အခုလိုစပြောပါတယ်။

"ကျနော်ဒီနေ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တနာရီလောက်သွားတွေ့တယ်။ အဓိက ကတော့ စည်းကမ်းချက် ၈ ချက်နဲ့ပတ်သက်ပြီးတော့ ပြည်ထဲရေးဝန်ကြီးဆီရေးတဲ့စာကို အတည်ပြုတယ်။ အတည်ပြုဘို့ကျနော်ယူသွားတာပေါ့ဗျာ။ ဒါကို အတည်ပြုတယ်။ နောက် ဒုတိယတချက်က ဒေါ်အောင်ဆန်းစုကြည်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံကို မြန်မာနိုင်ငံပေါ်မှာ အရေးယူပိတ်ဆို့ထားတဲ့ကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ အယူအဆ၊ သူ့ရဲ့ အဲဒီကဆောင်ရွက်ဘို့လိုအပ်ချက်၊ အဲဒါတွေကို စာနဲ့ရေးသားပြီး အကြောင်းကြားတဲ့စာကို ကျနော် Approval ယူဘို့သွားပါတယ်။ နှစ်ခုစလုံး Approval ယူပြီးပါပြီ။ ကျနော်တို့ရက်ပိုင်းအတွင်းမှာဘဲ စာတိုက် နဲ့ပို့ဘို့စီစဉ်ပါတယ်။"

ပထမတခုက စည်းကမ်းချက် ၈ ချက်ဆိုတာက ဒေါ်အောင်ဆန်းစုကြည်အပေါ်မှာ ကန့်သတ်ထားတဲ့အချက်တွေလို့ ကျနော်တို့နားလည်ပါတယ်ခင်ဗျ။ အဲဒီတော့ ဒီကန့်သတ်ချက်တွေနဲ့ပတ်သက်ပြီးတော့ ရှင်းရှင်းလင်းလင်းသိရ အောင်မေးမြန်းတဲ့သဘောမျိုးလားခင်ဗျ...

"ဟုတ်ပါတယ်၊ ရှင်းရှင်းလင်းလင်းသိရအောင် တချို့အချက်တွေက ဟိုဘက် ဒီဘက် နှစ်လမ်း၊ သုံးလမ်းတွေးလို့ရတာမျိုးတွေ။ နောက်ပြီးတော့ ကာယကံရှင်ဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်က ဒီစည်းကမ်းချက်အပေါ်မှာ တချက်ချင်းအပေါ်မှာ ဘယ်ဟာမှာ ဘာလုပ်ရမလဲဆိုတာကို မရှင်းတာတွေလည်းရှိတယ်။ ဒါတွေနဲ့ပတ်သက်ပြီးတော့ ရှင်းရှင်းလင်းလင်းဖြစ်အောင် ဆောင်ရွက်ပေးဘို့ မေတ္တာရပ်ခံတဲ့စာကို ကျနော်ရေးပြီးတော့ ဒီနေ့ ဒေါ်အောင်ဆန်းစုကြည်ကို သွားပြပါတယ်။"

ဒုတိယ အရေးယူပိတ်ဆို့မှုနဲ့ပတ်သက်လို့ ဒေါ်အောင်ဆန်းစုကြည် ဘက်က သဘောထားဆိုတာက ဘယ်လိုသဘောထားမျိုးကို ဒေါ်အောင်ဆန်းစုကြည်ကပေးပါသလဲခင်ဗျ...

"ဒေါ်အောင်ဆန်းစုကြည်ရဲ့သဘောထားကတော့ ၂၀၀၇ ခုနှစ်ကတည်းက သူဟာ အစိုးရနဲ့ နအဖ နဲ့ ဒီ Sanction တွေ Lift လုပ်ဘို့ကို ပူးပေါင်းဆောင်ရွက်လိုတယ်လို့ အဆိုပြုခဲ့ဘူးတယ်။ အခု အဲဒီဟာအပေါ်မှာ အဆိုပြုချက်တွေကို တကယ်အကောင်အထည်ဖော်နိုင်ဘို့ဆိုရင် လိုအပ်ချက်၊ လိုအပ်ချက်ဆိုတာက ဒေါ်အောင်ဆန်းစုကြည်က သူကိုယ်တိုင်သိရှိဘို့ လိုအပ်ချက်တွေရှိတယ်။

နောက်တခုက သက်ဆိုင်ရာ Impose လုပ်တဲ့နိုင်ငံတွေရဲ့ သဘောထားတွေလည်းသိဘို့လိုတယ်။ ဒါကြောင့် ဒီဟာနဲ့ပတ်သက်ပြီးတော့ လုပ်ကိုင်ဆောင်ရွက်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးဘို့ မေတ္တာရပ်ခံအကြောင်းကြားတဲ့စာကို ကျနော်ပြုစုပါတယ်၊ ဒီပြုစုတဲ့စာကို ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်လက်မှတ်ရေးထိုးပြီးပါပြီ။ ကျနော်တို့ရက်အနည်းငယ်အတွင်းမှာ ပို့မှာပါ။"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းပြောကြားသွားတာ ဖြစ်ပါတယ်။

# မြန်မာ့အရေးနိုင်ငံတကာမှ ညီညွတ်စွာပိုင်းဝန်းဖြေရှင်းဘို့ဘန်ကီမွန်းတိုက်တွန်း

**VOA၊ စက်တင်ဘာ ၂၄။ ။** ကုလသမဂ္ဂအထွေထွေညီလာခံကြီး စတင်ကျင်းပလိုက်တဲ့နေ့မှာဘဲ အတွင်းရေးမှူးချုပ်က မြန်မာနိုင်ငံက နိုင်ငံရေးပြဿနာတွေအပါအဝင် နိုင်ငံတကာမှာကြုံတွေ့နေရတဲ့ ပြဿနာတွေနဲ့ပတ်သက်လို့ ညီညီညွတ်ညွတ်ပိုင်းဝန်းဖြေရှင်းဘို့ တိုက်တွန်းလိုက်ပါတယ်။

ကမ္ဘာတဝန်းရင်ဆိုင်ကြုံတွေ့နေရတဲ့ ပြဿနာတွေကို ဖြေရှင်းရမယ့်အချိန်ရောက်နေတာမို့ နိုင်ငံတကာမိသားစုအနေနဲ့ ဒီထက်ပိုဆောင်ရွက်ကြဘို့ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက အဖွဲ့ဝင် ၁၉၂ နိုင်ငံ ပါဝင်တက်ရောက်တဲ့ ကုလသမဂ္ဂ ၆၄ ကြိမ်မြောက် အထွေထွေညီလာခံ ဖွင့်ပွဲနေ့ ဗုဒ္ဓဟူးနေ့မှာ မိန့်ခွန်းစကားပြောကြားရာမှာ ပြောခဲ့ပါတယ်။ မြန်မာနိုင်ငံက နိုင်ငံရေးပြဿနာတွေ တိုးတက်စေဘို့အတွက်ကိုလည်း ဒီထက်ပိုပိုင်းဝန်းဆောင်ရွက်ဘို့ အတွင်းရေးမှူးချုပ်က ဆော်ဩလိုက်တာဖြစ်ပါတယ်။

"မြန်မာနိုင်ငံမှာ လွတ်လပ်မှုနဲ့ဒီမိုကရေစီရေးအတွက် ကျနော်တို့ကြိုးစားပမ်းစားလုပ်ကြရပါလိမ့်မယ်။ လွန်ခဲ့တဲ့ ရက်သတ္တပတ် နိုင်ငံရေးအကျဉ်းသားတချို့ပြန်လွှတ်ပေးခဲ့တာဟာဆိုရင်လည်း လိုအပ်တာထက်အများကြီး နည်းနေပါသေးတယ်။ မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေအကျိုးအတွက် မြန်မာနိုင်ငံရဲ့မိတ်ဆွေတွေအိမ်နီးချင်းတွေအနေနဲ့ ဒီထက်ပိုပြီး အများကြီးလုပ်ဘို့ပြောချင်ပါတယ်။ ရှေ့နှစ်ရွေးကောက်ပွဲဟာ အများကယုံကြည်လက်ခံနိုင်မယ့် အားလုံးပါဝင်နိုင်မယ့်အခြေအနေတရပ်ဖြစ်ဘို့ဆိုရင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေအားလုံးပြန်လွှတ်ပေးဘို့ လိုပါတယ်။" ဆိုပြီး အတွင်းရေးမှူးချုပ်က ပြင်သစ်ဘာသာစကားနဲ့ပြောသွားတာဖြစ်ပါတယ်။

မြန်မာစစ်အစိုးရကတော့ စည်းကမ်းနဲ့အကျင့်စာရိတ္တကောင်းမွန်လာတဲ့ နိုင်ငံသား အကျဉ်းသား အကျဉ်းသူပေါင်း ၇,၁၁၄ ယောက်ကိုလွှတ်ပေးမယ်လို့ ပြီးခဲ့တဲ့ကြာသပတေးနေ့က ကြေညာလိုက်ပြီးနောက်ပိုင်း အကျဉ်းသားတွေကိုလွှတ်ပေးတဲ့နေရာမှာ အင်္ဂါနေ့အထိဆိုရင်တော့ နိုင်ငံရေးအကျဉ်းသား ၁၂၇ ယောက်ထက်မနည်း ပါဝင်တဲ့အကြောင်း နိုင်ငံရေးအကျဉ်းသားကူညီစောင့်ရှောက်ရေးအသင်း အေအေပီပီကဖော်ပြခဲ့တာပါ။

ဒါပေမယ့်လည်း အကျဉ်းသားတွေပြန်လွှတ်ပေးဘို့ စစ်အစိုးရကြေညာချက်ဟာ မြန်မာနိုင်ငံကပြဿနာတွေနဲ့ပတ်သက်လို့ ပြောကြဆိုကြဘို့ရှိသလို မြန်မာစစ်အစိုးရဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်လည်း တက်ရောက်လာဘို့ရှိနေတဲ့ ကုလသမဂ္ဂအထွေထွေညီလာခံ စတင်မယ့်အချိန်နဲ့လည်း တိုက်တိုက်ဆိုင်ဆိုင် ထွက်ပေါ်လာတာမို့ နိုင်ငံတကာဝေဖန်မှုတွေကနေ သက်သာရာရစေဘို့ ကြိုးပမ်းမှုတခုအဖြစ်လည်း ရှုမြင်မှုတွေကရှိနေတာဖြစ်ပါတယ်။

ဒီလိုအခြေအနေတွေရှိနေပေမယ့်လည်း မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ ပြောသံဆိုသံတွေကတော့ ထွက်ပေါ်နေဆဲပါ။ ဗုဒ္ဓဟူးနေမှာဘဲ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က သူ့ရဲ့မြန်မာ့မိတ်ဆွေများအဖွဲ့နဲ့တွေ့ဆုံပြီး မြန်မာ့အရေးဆွေးနွေးခဲ့ကြတာလည်းဖြစ်ပါတယ်။ နိုင်ငံခြားရေးဝန်ကြီးတွေလည်း ပါဝင်တက်ရောက်ခဲ့ကြတဲ့ ဒီဆွေးနွေးပွဲမှာ မြန်မာ့အရေးဆွေးနွေးခဲ့တာတွေနဲ့ပတ်သက်လို့ စင်္ကာပူနိုင်ငံခြားရေးဝန်ကြီး ဂျော့ရှ်ရိုးကပြောဆိုရာမှာ

"ကျနော်တို့အားလုံးအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ပြန်လွှတ်ပေးရေး မြန်မာစစ်အစိုးရအနေနဲ့ ၂၀၁၀ ရွေးကောက်ပွဲဟာ လွတ်လပ်တရားမျှတပြီး အများကလက်ခံနိုင်တဲ့အခြေအနေဖြစ်ဘို့ သံန္နိဋ္ဌာန်ထားရှိရမယ်ဆိုတာကို ကျနော်တို့ အားလုံးက တောင်းဆိုပါတယ်။" ဆိုပြီး သူကပြောခဲ့ပါတယ်။ "စင်္ကာပူနိုင်ငံရဲ့အမြင်ကတော့ မြန်မာစစ်တပ်ဟာ ပြဿနာရဲ့တစိတ်တပိုင်းဖြစ်သလို ဒီပြဿနာရဲ့အဖြေရှာဘို့အတွက် မရှိမဖြစ်လိုအပ်တဲ့အစိတ်အပိုင်းတခုလည်းဖြစ်ကြောင်း ရှုမြင်ထားတယ်။" လို့ အတွင်းရေးမှူးချုပ်ရဲ့ မြန်မာ့မိတ်ဆွေများအဖွဲ့ ဆွေးနွေးပွဲမှာတက်ရောက်ခဲ့တဲ့ စင်္ကာပူနိုင်ငံခြားရေးဝန်ကြီး ဂျော့ရှ်ရိုးကပြောဆိုခဲ့တာပါ။

ဒီတွေ့ဆုံမှုအပြီး အတွင်းရေးမှူးချုပ်ကထုတ်ပြန်တဲ့ကြေညာချက်မှာတော့ ကမ္ဘာပေါ်က အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တွေမှာ နှစ်ပေါင်းများစွာ အတွေ့အကြုံရှိခဲ့တဲ့ ကုလသမဂ္ဂနဲ့ မြန်မာနိုင်ငံအနေနဲ့ပူးပေါင်းဆောင်ရွက်ဘို့လည်း တိုက်တွန်းခဲ့တာပါ။ အတွင်းရေးမှူးချုပ်ရဲ့ ထုတ်ပြန်ချက်ကို ဒီဆွေးနွေးပွဲမှာပါဝင်ခဲ့တဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ်ဖြစ်တဲ့ မစ္စတာအီဗရာဟင် ဂမ်ဘာရီက ဖတ်ကြားပြတဲ့နေရာမှာတော့

"ပထမအနေနဲ့ကတော့ အားလုံးပါဝင်နိုင်တဲ့ ဆွေးနွေးညှိနှိုင်းမှုတွေဖြစ်ပေါ်လာစေရေး သေချာစေဘို့ မြန်မာ့မိတ်ဆွေများနိုင်ငံတွေက သဘောတူအတည်ပြုထားတဲ့အတိုင်း လာမယ့်ရွေးကောက်ပွဲဟာ အများကလက်ခံနိုင်တဲ့အခြေအနေတွေဖန်တီးနိုင်ဘို့၊ မြန်မာနိုင်ငံဟာ ကုလသမဂ္ဂနဲ့အတူတကွ လျှောက်လှမ်းဘို့တောင်းဆိုပါတယ်။" လို့ အတွင်းရေးမှူးချုပ်ရဲ့အကြံပေးပုဂ္ဂိုလ်က ကြေညာချက်တစိတ်တပိုင်းကို ပြောသွားတာဖြစ်ပါတယ်။

ဒါဟာဆိုရင်တော့ အတွင်းရေးမှူးချုပ်ရဲ့ ဒုတိယအကြိမ် နိုင်ငံခြားရေးဝန်ကြီးတွေ ပါဝင်တက်ရောက်တဲ့ အဆင့်မြင့်ဆွေးနွေးပွဲတခုလည်း ဖြစ်ပါတယ်။ နိုင်ငံခြားရေးဝန်ကြီး ၁၁ ယောက်ပါဝင်တက်ရောက်တဲ့ ဒီဆွေးနွေးပွဲအတွင်း မြန်မာကိုယ်စားလှယ်တွေတော့ တက်ရောက်လာခြင်းမရှိပါဘူး။

# တက္ကသိုလ်ကျောင်းသားများ ဆူပူမှုဖြစ်

**DVB၊ စက်တင်ဘာ ၂၃။ ။** ရန်ကုန်တိုင်း ဒဂုံတက္ကသိုလ်မှာ မနေ့က ကျောင်းသားတွေဆူပူမှုဖြစ်လို့ စစ်တပ်နဲ့ရဲက ဝင်ထိန်းခဲ့ပြီး ဒီရက်ပိုင်း လုံခြုံရေးတင်းကျပ်ထားတယ်လို့ ကျောင်းသားတွေက ပြောပါတယ်။

လက်ရှိ ကျောင်းမှာ စာမေးပွဲဖြေနေတယ်လို့ ကျောင်းသားတွေက ပြောပါတယ်။ ၂၁ ရက် တနင်္လာနေ့က စာမေးပွဲမဖြေခင် ကျောင်းသားတွေ ဂစ်တာတီး သီချင်းဆိုနေကြပြီး ကျောင်းသားသမဂ္ဂသီချင်းတွေပါ သီဆိုလာတဲ့အတွက် ကျောင်းစည်းကမ်း ထိန်းသိမ်းရေးက ဂစ်တာကို သိမ်းသွားပါတယ်၊ ဒီလိုဖြစ်တာနဲ့ပတ်သက်ပြီး နောက်နေ့မှာ မကျေနပ်တဲ့ ကျောင်းသား ၅၀ လောက်က ကျောင်းသားအခွင့်ရေး ကြွေးကြော်တာတွေလုပ်ခဲ့တယ်လို့ ကျောင်းသားတဦးက ပြောပါတယ်။

"ကျောင်းသားတွေက စာမေးပွဲမဖြေခင်မှာ ထိုင်ပြီးတော့ သီချင်းတွေဆိုနေကြတယ်။ ဂီတာနဲ့သီချင်းဆိုနေရင်းနဲ့ သမဂ္ဂသီချင်း၊ ဗကသသီချင်းဆိုလိုက်တဲ့အခါ ကျောင်းသားတွေနည်းနည်းအုံလာတယ်။ စည်းကမ်းထိန်းသိမ်းရေး ဆရာတွေက ဂီတာကို သိမ်းသွားတာကို ကျောင်းသားတွေက မကျေနပ်ကြဘူး။"

စာမေးပွဲဖြေတဲ့အချိန်မှာ ကျောင်းသားတွေက နှုတ်ဆိတ်ပြီးတော့မှ ၂၁ ရက်နေ့ ညနေပိုင်းမှာ သူတို့ အချင်းချင်းကြား ဒီလိုလုပ်တာ မတရားဘူးဆိုတာမျိုးတွေဖြစ်လာတယ်လို့ အဲဒီ ကျောင်းသားက ပြောပါတယ်။ ၂၂ ရက်နေ့ စာမေးပွဲဖြေပြီးချိန်မှာ ကျောင်းသား ၅၀ ကျော်လောက်က ကျောင်းသားတွေ လွှတ်လွှတ်လပ်လပ်နေချင်တယ်၊ ကျောင်းက အကျဉ်းထောင်နဲ့မတူချင်ဘူး၊ ကျောင်းသားတွေ ဘယ်သူ့ကိုမှ စော်ကားတာမဟုတ်ဘူး၊ သီချင်းဆိုတဲ့ ကိစ္စကို လိုက်တားမြစ်တာ ကျောင်းက အကျဉ်းထောင်နဲ့တူနေပြီ ဆိုတာမျိုးတွေ ကြွေးကြော်ကြတာလို့ အဲဒီ ကျောင်းသားက ပြောပါတယ်။

"ကျောင်းသားတွေ ကြွေးကြော် အော်ဟစ်ပြီး ခုံတွေ ဘာတွေရိုက်နဲ့ ရုန်းရင်းဆန်ခတ်ဖြစ်သွားတာ စစ်တပ်နဲ့ ရဲတွေ လာပြီး အချိန်မီ ထိန်းကွပ်သွားတော့ ဘာမှမဖြစ်လိုက်ဘူး။ အခုထိ ဘာမှတော့ မကြားရဘူး။ အဲ့ဒီမှာ ဖမ်းဆီးတာတို့ဘာမှမကြားရသေးပါဘူး။"

ဒီဖြစ်ရပ်နဲ့ပတ်သက်လို့ ဒဂုံတက္ကသိုလ်ကို ဆက်သွယ်မေးမြန်းရာမှာ ဖြေကြားခြင်း မရှိပါဘူး။

# အဲန်အဲယ်လ်ဒီက နိုင်ငံရေးအကျဉ်းသားများအား ကျန်းမာရေးဆေးကုသပေး

**Mizzima | စက်တင်ဘာ ၂၁ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူမှုအထောက်အကူပြုလုပ်ငန်းအဖွဲ့က ပြန်လွတ်လာသော နိုင်ငံရေးအကျဉ်းသားများကို ကျန်းမာရေးစစ်ဆေးကုသမှု ပေးနေကြောင်းသိရပါတယ်။

ယခုလ ၁၈ ရက်နေ့မှစ၍ အကျဉ်းထောင်များမှ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့်လွတ်လာသည့် သံဃာ၊ အမျိုးသမီး၊ လွှတ်တော်အမတ်နှင့် ပါတီဝင်များအား ကျန်းမာရေးကုသမှုပေးနေရာ ရန်ကုန်တိုင်းဗဟန်းမြို့နယ်ရှိ အဲန်အဲယ်လ်ဒီရုံးချုပ်သို့ ရောက်ရှိသည် ၁၅ ဦးထက်မနည်း လာရောက်ပြသခဲ့ပြီးဖြစ်ကြောင်း ပါတီတာဝန်ရှိသူများက ပြောဆိုပါတယ်။

"လာပြတဲ့သူတွေက ၁၅ ယောက်ကျော်မယ်ထင်တယ်၊ ထုံနာကျင်နာတွေ တော်တော်များတယ်၊ မငွေးတို့ဆိုရင် ခြေတောက်တဘက်မသန်ဘူး။ ထုံပြီးလမ်းကိုမလျှောက်နိုင်ဘူး။ လိုင်းကားတွေလည်းမစီးနိုင်ဘူး။ တချို့ဆိုရုံးမှာကြာကြာမနေနိုင်ဘူး။ အသက်ရှုတာတွေဘာတွေ ကျပ်လာတဲ့လူတွေရှိတယ်။ တချို့က ဝ လာတယ်။ ဝ တာကပုံမှန်မဟုတ်ဘူး။ လူတော်တော်များများက မောနေကြတယ်။

အဲဒီအတွက် ဆေးခန်းကိုလာပြတယ်။" လို့ ပါတီလူငယ်အဖွဲ့ဝင် မဖြူဖြူသင်းက မဇ္ဈိမကိုပြောပါတယ်။

ပါတီဗဟိုပြန်ကြားရေးအဖွဲ့ဝင် ဦးအုန်းကြိုင်က "ပြန်လွတ်လာတဲ့လူတွေရဲ့ ဘဝ ပြန်လည်ရပ်တည်ရေးအတွက် လိုအပ်တဲ့ပံ့ပိုးမှုတွေနဲ့ တတ်နိုင်သလောက်အကူအညီတွေပေးပါတယ်။ ထောင်ကပြန်လာသူတွေကို ဆေးဝါးစစ်ဆေးပေးဘို့နဲ့ လိုအပ်တဲ့ကျန်းမာရေး ကုသဘို့အတွက် ဆောင်ရွက်ပေးနေပါတယ်။" လို့ ပြောပါတယ်။

ရုံးချုပ်တွင် ဆရာဝန်များကစစ်ဆေးပြီး ရောဂါတွေ့လျှင် ပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်းထံ စေလွှတ်ကုသခြင်းနှင့် ဆေးဝါးလိုအပ်ပါက ငွေထောက်ပံ့ခြင်းများပြုလုပ်ပေးပါတယ်။ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ ရောဝတီ၊ ပဲခူးနှင့် တနင်္သာရီတိုင်း၊ ချင်း၊ ကချင်၊ ရခိုင်နှင့် မွန်ပြည်နယ်ရှိ အဲန်အဲယ်လ်ဒီလူမှုအထောက်အကူအဖွဲ့များကလည်း ၎င်းတို့ဒေသရှိထောင်များမှ ပြန်လွတ်လာသည့်နိုင်ငံရေးအကျဉ်းသားများ လမ်းစရိတ်မလုံလောက်လျှင် ထောက်ပံ့ကာ ကျန်းမာရေးအတွက် ဆေးဝါးကူညီနေတယ်လို့ ဦးအုန်းကြိုင်ကပြောပါတယ်၊

ယခုလ ၁၇ ရက်နေ့တွင် နိုင်ငံတဝန်းရှိထောင်များမှ အကျဉ်းသား ၇,၁၁၄ ဦးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးမည်ဟု စစ်အစိုးရပိုင်သတင်းစဉ်များတွင် ကြေညာခဲ့ပြီး နောက်ရက်မှစတင်ကာ ပြန်လွှတ်ပေးနေရာ ယနေ့အထိဆိုလျှင် နိုင်ငံရေးအကျဉ်းသား ၁၂၆ ဦးသာပါဝင်ကြောင်း ထိုင်းနိုင်ငံအခြေစိုက် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း အေအေပီပီ ကပြောပါတယ်။ မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားပေါင်း ၂,၀၀၀ ကျော်ရှိနေကြောင်း ဆိုထားပါတယ်။

---

# မြို့နယ်ရဲမှူးတွေ ထိန်းသိမ်းခံထားရ

**DVB | စက်တင်ဘာ ၂၁ ။** ။ ပြီးခဲ့တဲ့ ရက်ပိုင်းကစပြီး ရန်ကုန်တိုင်းက မြို့နယ်ရဲမှူးတွေ ဖမ်းဆီးစစ်ဆေးခံနေရတယ်လို့သိရပြီး မြို့နယ်ရဲမှူးတွေနဲ့ နားလည်မှုယူကာ ဖွင့်ထားတဲ့ ကာရာအိုကေဆိုင်နဲ့အနှိပ်ခန်းတွေလည်း ပိတ်ထားရပါတယ်။

ပြီးခဲ့တဲ့ ရက်ပိုင်းက ရန်ကုန်တိုင်းက မြို့နယ်ရဲမှူးတချို့ကို စ သုံးလုံးက ခေါ်ယူ စစ်ဆေးမေးမြန်းတာတွေလုပ်နေတယ်လို့ ရဲတပ်ဖွဲ့နီးစပ်တဲ့ ရန်ကုန်ကလာတဲ့ သတင်းများအရ ကြားသိရပေမယ့် သီးခြား အတိပြုချက်တော့ မရရှိပါဘူး။ မြို့နယ်ရဲမှူးတွေကို လာဘ်စားမှု၊ အကျင့်ဖောက်ပြန်မှုတွေကြောင့် အသစ်ပြောင်းလာတဲ့ တိုင်းရဲမှူးက ဒီလိုလုပ်ဆောင်ရတာ ဖြစ်နိုင်တယ်လို ခန့်မှန်းပြောဆိုနေကြပါတယ်။ မြို့နယ်ရဲမှူးတချို့ကို ခေါ်ယူစစ်ဆေးနေချိန်မှာ အရင်က သူတို့နဲ့ ဖက်စပ်ပြီးဖွင့်ထားတဲ့ ကာရာအိုကေဆိုင်နဲ့ အနှိပ်ခန်းတွေလည်း ဒီရက်ပိုင်းအတွင်းမှာ ပိတ်ထားရတယ်လို့သိရပါတယ်။ အရင်က ကာရာအိုကေဆိုင်နဲ့အနှိပ်ခန်းတွေကို မြို့နယ်ရဲတပ်ဖွဲ့ရဲ့ ရဲမိသားစုဝင်များ သက်သာချောင်ချိရေးအတွက် တရားမဝင်လုပ်ကိုင်ခွင့်ပြုထားတာပါ။ ရန်ကုန်တိုင်းက ရဲမှူးတချို့ကို စသုံးလုံးက ခေါ်ယူမေးမြန်းတာတွေနဲ့ပတ်သတ်ပြီး ရဲတပ်ဖွဲ့နဲ့နီးစပ်သူတဦးက ပြောပါတယ်။

"ရန်ကုန်မှာရှိတဲ့ မြို့နယ်မှူးတွေ တော်တော်များများ ထိန်းထားတယ်လို့ ပြောတယ်၊ လာဘ်စားမှုလို့ပြောတာပဲ၊ အဆွဲခံထားရတာ ၁ ရက် ၂ ရက် လောက်ရှိပြီပေါ့။ အခု အဲဒီကိစ္စတွေနဲ့ပတ်သက်ပြီးတော့ ကာရာအိုကေတွေ၊ ပြူတီဆလွန်းတွေ တော်တော်များများပိတ်ထားရတယ်တဲ့။"

ဒီလပိုင်းမှာ ရန်ကုန်တိုင်း ရဲမှူးဟောင်း ရဲမှူးကြီးဝင်းနိုင်နဲ့ ဇနီးဖြစ်သူ ဒေါ်မွှေးမွှေးကို အလှပြင်ဆိုင် အမည်ခံပြီး အနှိပ်ခန်းတွေ ဖွင့်ထားတာနဲ့ ပတ်သတ်ပြီး ခေါ်ယူစစ်ဆေးခဲ့တယ်လို့ သိရပါတယ်။ ရက်ပိုင်းအတွင်းမှာ ရဲမှူးကြီးဝင်းနိုင်ရဲ့ဇနီးဒေါ်မွှေးမွှေး ဖမ်းဆီးချုပ်နှောင်ထားရာက လွတ်မြောက်သွားတာ ရဲချုပ်ခင်ရီနဲ့ဆက်နွယ်မှုရှိမယ်လို့ ရဲတပ်ဖွဲ့က ခန့်မှန်းပြောဆိုပါတယ်။ ရဲမှူးကြီးဝင်းနိုင်က အပြစ်ပေးခံရမှာ စိုးရိမ်လို့ နေပြည်တော်အသွား လမ်းမှာ ထွက်ပြေးသွားတယ်လို့ ရဲအသိုင်းအဝိုင်းနဲ့ နီးစပ်တဲ့ နောက်တဦးက ပြောပါတယ်။

"ကိုဝင်းနိုင်ကို နေပြည်တော်မှာ ခေါ်ထားတော့ မောင်ဦးက ငါကိုယ်တိုင်တွေ့မယ်လည်းဆိုရော ရှူးလ်အရဆိုရင် လွှတ်ပေးရမယ်ဆိုပြီးတော့ နေပြည်တော်ကနေ ကားနဲ့ ဒိုးသွားလိုက်တာ မလာတော့ဘူး။"

ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီဟာ နိုင်ငံတော်အကြီးအကဲတွေကို နောက်ကွယ်မှာပြင်းပြင်းထန်ထန် ဝေဖန်ပြောဆိုတတ်တာ သိထားတဲ့ ရဲမှူးကြီးဝင်းနိုင်က ဖော်ထုတ်မှာကို စိုးရိမ်တဲ့အတွက် ရဲချုပ်ကိုယ်တိုင် ထွက်ပြေးခိုင်းလိုက်တာဖြစ်နိုင်တယ်လို့လည်း ပြောဆိုနေကြပါတယ်။

---

# ဒေါ်အောင်ဆန်းစုကြည်သွေးပေါင်ချိန်ကျနေ

**Mizzima | စက်တင်ဘာ ၂၁ ။** ။ နေအိမ်အကျယ်ချုပ်ကျခံထားရသူ မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် သွေးပေါင်ချိန်ကျနေကြောင်း အဲန်အဲယ်လ်ဒီပြောခွင့်ရပုဂ္ဂိုလ်ကပြောပါတယ်။

ယမန်နေ့က ဒေါ်အောင်ဆန်းစုကြည်ထံ သူမ၏ဆရာဝန် ဒေါက်တာတင်မျိုးဝင်းသွားရောက်၍ ကျန်းမာရေးစစ်ဆေးခွင့်ရရှိခဲ့ရာမှ သိလာရကြောင်း ပါတီပြောခွင့်ရဦးဉာဏ်ဝင်းက Mizzima ကိုပြောဆိုခဲ့တာဖြစ်ပါတယ်။ "မနေ့ကညနေပိုင်းလောက်မှာ ဆရာဝန်နဲ့တွေ့လို့ရတယ်။ ဆရာဝန်ပြောတာကတော့ ကျန်းမာရေးကောင်းပါတယ်တဲ့။ ဒေါ်စုကသွေးပေါင်ချိန်ကျနေတယ်တဲ့။" လို့ ဦးဉာဏ်ဝင်းက ပြောပါတယ်။ မိသားစုဆရာဝန်ဒေါက်တာတင်မျိုးဝင်းနှင့် ကျန်းမာရေးစစ်ဆေးခွင့်ပြုရန်အတွက် ဒေါ်အောင်ဆန်းစုကြည်က ပြီးခဲ့တဲ့လ ၁၁ ရက်နေ့ကတည်းက အာဏာပိုင်များထံ တောင်းဆိုခဲ့ပြီးနောက် တလကျော်အကြာ ယမန်နေ့ကမှ ပထမဆုံးအကြိမ် ဆေးကုသခွင့်ရရှိခဲ့ခြင်းဖြစ်ပါတယ်။ အကျယ်ချုပ်ကျခံနေရတဲ့ နေအိမ်အတွင်း အမေရိကန်နိုင်ငံသား မစ္စတာယွန်ယက်တော ခိုးဝင်မှုစတင်ဖြစ်ပေါ်ခဲ့တဲ့ကာလ မေလ ၇ ရက်နေ့တွင် ဒေါက်တာတင်မျိုးဝင်းအား အာဏာပိုင်များက ထိန်းသိမ်းခဲ့ပြီး ၁၀ ရက်ခန့်အကြာမှာ ပြန်လည်လွှတ်ပေးခဲ့ပါတယ်။

မစ္စတာယွန်ယက်တောက ထိုကဲ့သို့ဝင်ရောက်ခဲ့သည်ကို ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်စည်းကမ်းဖောက်ဖျက်သည်ဟုဆိုကာ မြောက်ပိုင်းခရိုင်တရားရုံးက အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၃ နှစ်ပြစ်ဒဏ်ချခဲ့ပါတယ်။ သို့သော် စစ်အစိုးရအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ကြိုတင်ညွှန်ကြားချက်ဖြင့် ထောင်ဒဏ်ထက်ဝက်လျှော့ကာ နေအိမ်အကျယ်ချုပ် ၁၈ လဖြင့် ဆိုင်းငံ့ပြစ်ဒဏ်ကျခံနေရပါတယ်။ ယခုလ ၁၈ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်၏အမှုအယူခံကို ရန်ကုန်တိုင်းတရားရုံး၌ နှစ်ဖက်ရှေ့နေများလျှောက်လဲခဲ့ပြီး လာမယ့်လ ၂ ရက်နေ့တွင် ဆုံးဖြတ်မည်လို့ တရားရုံးကချိန်းဆိုခဲ့ပါတယ်။ ထိုရက်ချိန်မတိုင်မီ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံနိုင်ရန် သူမ၏ရှေ့နေများက စီစဉ်နေကြောင်း ဦးဉာဏ်ဝင်းက ပြောပါတယ်။

# ကိုးကန့် ဒေသကွပ်ကဲရေး စစ်ဆင်ရေးမှူး ဗိုလ်မှူးချုပ်ဝင်းမောင် ဖမ်းဆီးအရေးယူ

**RFA၊စက်တင်ဘာ ၂၁။** ။ကိုးကန့်ဒေသကိုဝင်တိုက်စဉ် စစ်အစိုးရ တပ်တွေကို ဦးစီးခဲ့သူ ဒစက ဒေသကွပ်ကဲရေး စစ်ဆင်ရေးဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းမောင်ကို အရေးယူထားတယ်ဆိုတဲ့သတင်းတွေ ထွက်ပေါ်နေပါတယ်။

လက်ရှိအနေနဲ့ ဗိုလ်မှူးချုပ်ဝင်းမောင်ကို လာရှိုးမြို့ ရပခ မှာ အကျယ်ချုပ်ချထားတယ်လို့ ရပခ နဲ့နီးစပ်တဲ့သတင်းရပ်ကွက်က ပြောဆိုပါတယ်။ ဗိုလ်မှူးချုပ်ဝင်းမောင်ကို အခုလိုအရေးယူတဲ့ကိစ္စနဲ့ပတ်သက်ပြီး တရုတ်ပြည်ဘက်ကကုန်သည် အဖွဲ့အစည်းကြားမှာ ထွက်ပေါ်နေတဲ့သတင်းကတော့ ကုန်သည်တွေထံကလာဒ်ယူလို့ဖြစ်တယ်လို့ ဆိုပါတယ်။

ဒါပေမယ့် အပစ်ရပ်တိုင်းရင်းသားများ သတင်းရပ်ကွက်ကပြောဆိုတာကတော့ ကိုးကန့်ဒေသကိုဝင်တိုက်စဉ် စစ်အစိုးရဘက်က အကျအဆုံးများလို့ဖြစ်တယ်လို့ ပြောပါတယ်။ အကျအဆုံးသတင်းနဲ့ပတ်သက်ပြီး စစ်အစိုးရသတင်းစာတွေမှာ ၂၀ ကျော်ဖြစ်တယ်လို့ရေးပေမယ့် တကယ်တမ်းက ဒုတပ်ရင်းမှူးတဦးအပါအဝင် အရာရှိ ၇ ဦးနဲ့ စုစုပေါင်းကျဆုံးသူ ၅၀ ကျော်တယ်လို့ဆိုပါတယ်။

ဒဏ်ရာရသူလည်း ၁၀၀ ကျော်တယ်လို့ အပစ်ရပ်တိုင်းရင်းသားအဖွဲ့တွေက ပြောပါတယ်။ တရုတ်–မြန်မာနယ်စပ်အခြေစိုက် စစ်ရေးနိုင်ငံရေးလေ့လာသူ ဦးအောင်ကျော်ဇောကတော့ ကိုးကန့်တိုက်ပွဲဟာ စစ်အစိုးရအတွက် စစ်ရေးအရရော နိုင်ငံရေးအရပါ ရှုံးတာဖြစ်တယ်လို့ ဆိုပါတယ်။

"လားရှိုးမှာအကျယ်ချုပ်ကျတယ်။ တချို့ကလည်း နေပြည်တော်မှာအကျယ်ချုပ်ကျတယ်လိုကားတယ်။ ဒါပေမယ့် သေချာတာကတော့ လောလောဆယ် လားရှိုးမှာရှိနေသေးတယ်။ သတင်းကမျိုးစုံထွက်တာပေါ့ဗျာ။ ဒါပေမယ့် ကျနော်တို့မြင်တာကတော့ ဒီတိုက်ပွဲမှာ သူ စစ်ရေးအရရော နိုင်ငံရေးရှုံးတယ်ဆိုတာဖော်ပြတာဘဲ။ ဗိုလ်မှူးချုပ်တယောက်တည်းအရေးယူခံရတယ်၊ ဒါမှမဟုတ် ဒီရှုံးနိမ့်မှုအတွက်ကို ဝင်းမောင်ကိုဓားစာခံထည့်လိုက်တာဘဲဖြစ်တယ်။"

ကိုးကန့်တိုက်ပွဲမှာ ဖုန်ကြားရှင်ဘက်ကတိုက်ခိုက်သူ တထောင်လောက်ဘဲရှိပေမယ့် ဗိုလ်မှူးချုပ်ဝင်းမောင်က တပ်ရင်း ၂၀ ကျော်အပြင် လက်နက်ကြီးတွေကို သုံးတာဖြစ်ပါတယ်။ အကျအဆုံးလည်းအများအပြား ရှိခဲ့တာပါ။

"နာရီ ၂၀ မပြည့်တဲ့တိုက်ပွဲမှာ တပ်ရင်း ၂၀ ကျော်သုံးခဲ့တယ်။ အမြောက်ကြီးပေါင်းများစွာသုံးခဲ့ပြီးတော့ နိုင်ငံ့သမိုင်းမှာက ငြိမ်းချမ်းရေးကိုဖျက်ဆီးသူ၊ တိုင်းရင်းသားတွေကို နှစ်ပေါင်း ၂၀ လောက် လိမ်လည်ခဲ့ပြီး နောက်ဆုံးမှာ သူ့အင်အားနဲ့ဖိပြီးတော့ ဖြေရှင်းဘို့ကြိုးစားတာ။ အဲဒီတော့ ဒီတပ်တွေဟာ သူတည်ဆောက်ခဲ့တာ ဒီလို လက်နက်အင်အားကြီးအောင်တည်ဆောက်ခဲ့တာဟာ တခြား ပြည်ပအန္တရယ်ထက် ပြည်တွင်းမှာရှိတဲ့ လူမျိုးစုလက်နက်ကိုင်တွေ၊ ပြည်တွင်းကသူ့အလိုမလိုက်နိုင်တဲ့ အတွင်းကဝင်ချမယ့်လူတွေကို တိုက်ခိုက်ဘို့ဖြစ်တယ်ဆိုတာ ပိုပြီးပီပီပြင်ပြင်ဖော်ပြတာပေါ့။ ဒါ ကိုးကန့်တိုက်ပွဲဖော်ပြချက်တွေဖြစ်တယ်။ ဒီတိုက်ပွဲမှာ ဘယ်လိုဘဲဖြစ်နေဖြစ်နေ သူဟာ နိုင်ငံရေးအရ အကြီးအကျယ်ရှုံးနိမ့်ခဲ့တာဖြစ်တယ်။"

# ၇၀၀၀ ကျော်မှာခွန်ထွန်းဦး ဦးလေးပါဝင်

**DVB၊စက်တင်ဘာ ၂၂။** ။ဒီလ ၁၈ ရက်နေ့က စစ်အုပ်စုက လွှတ်ငြိမ်းချမ်းသာခွင့်နဲ့လွှတ်ပေးလိုက်တဲ့ အကျဉ်းသား ၇၀၀၀ ကျော်ထဲမှာ ခွန်ထွန်းဦးရဲ့ဦးလေးတော်သူ စပ်ဦးကြာလည်း ပါဝင်တယ်လို့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် အက်ဒ်စ်အနဲ်အယ်လ်ဒီက ပြောပါတယ်။

ခွန်ထွန်းဦးတို့အမှုနဲ့ ဆက်စပ်ဖမ်းဆီးခံရတဲ့ စပ်ဦးကြာကို ပြန်လွှတ်ပေးပြီး ရှမ်းအဖွဲ့ချုပ် SNLD ဥက္ကဋ္ဌဦးခွန်ထွန်းဦးနဲ့ အမှုတွဲတူတဲ့ အတွင်းရေးမှူးစိုင်းညွန့်လွင် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ဂျေအေစီနာယကက SSA မြောက်ပိုင်းမှ ဗိုလ်ချုပ်ဆေထင်နဲ့ ရှမ်းလူငယ်အပါအဝင် တခြား ၅ ဦးကိုမလွှတ်ပေးဘူးလို့ SNLD ပါတီပြောခွင့်ရသူ စိုင်းလိတ်က ပြောပါတယ်။

"၁၈ ရက်နေ့ ည ၁၀ နာရီမှာ စပ်ဦးကြာကို ပြန်လွှတ်ပေးလိုက်တယ်။ လွှတ်ပေးလိုက်ချင်းမြို့ထဲကို ပြန်မလာရသေးပဲ အက်စ်ဘီကို သွားတွေ့ပြီးမှ တယောက်ချင်းစီကို ဆိုင်ကယ်တစီးချင်းလိုက်ပို့တယ်။ ည ၁၂ နာရီကို မန္တလေးမြို့ထဲရောက်တယ်လို့ ကြားသိရတယ်။ ၁၉ ရက်နေ့ ညနေပိုင်း ၆ နာရီကို သူ့နေအိမ်ကို ရောက်သွားတယ်လို့ သတင်းရရှိပါတယ်။"

စပ်ဦးကြာကို ၂၀၀၅ ခုက ရှမ်းပြည် အတိုင်ပင်ခံဖွဲ့စည်းမှုနဲ့ခွန်ထွန်းဦးအပါအဝင် ရှမ်းခေါင်းဆောင်တချို့၊ လူငယ်တချို့ကို ဖမ်းဆီးလိုက်ပြီး နောက်ပိုင်းမှာစပ်ဦးကြာကို ဖမ်းဆီးခဲ့တာဖြစ်ပြီး ထောင်ဒဏ် ၁၃ နှစ်နဲ့ မန္တလေးထောင်ကိုပို့လိုက်တာဖြစ်ပါတယ်။ စပ်ဦးကြာကို ဒီလိုလွှတ်ပေးလိုက်သလို တခြားကျန်တဲ့သူတွေကိုလည်း လွှတ်ပေးစေလိုတယ်လို့ စိုင်းလိတ်က ပြောပါတယ်။

"ဦးခွန်ထွန်းဦးအမှုတွဲနဲ့ ပတ်သက်လို့ လွှတ်လာတာ တယောက်မှမတွေ့သေးဘူး။ အခုလွှတ်လာတဲ့စပ်ဦးကြာ အပါအဝင် အခြားပုဂ္ဂိုလ်များအနေနဲ့သူတို့ယုံကြည်ချက်ကြောင့် အဖမ်းခံရတယ်။ ရာဇဝတ်မှုကျူးလွန်တာလည်း မဟုတ်ဘူး။ နိုင်ငံတော်ကို တကယ်ပုန်ကန်နေတာလည်း မဟုတ်ဘူး။ အားလုံးကို ပြန်လွှတ်ပြီး တွေ့ဆုံဆွေးနွေးရေး စတင်ဖို့ အသင့်တော်ဆုံး အချိန်လို့ သုံးသပ်ချင်ပါတယ်။"

၇၉ နှစ်နဲ့ ရခိုင်ပြည်နယ် ကျောက်ဖြူထောင်မှာ အကျဉ်းကျနေတဲ့ စိုင်းလှအောင်ဟာ ဆီးချိုရောဂါ အရမ်းဆိုးနေပြီး တကိုယ်လုံးယားနာတွေပေါက်နေတဲ့အတွက် သူ့ကျန်းမာရေးအတွက် ထောင်ဆရာဝန်နဲ့တွေ့ဖို့ စီစဉ်နေတယ်လို့ စိုင်းလိတ်က ပြောပါတယ်။

# မြန်မာ့ကိစ္စအစည်းအဝေး ဟီလာရီတက်

**DVB၊စက်တင်ဘာ ၂၂။** ။နယူးယောက်မှာ ကျင်းပနေတဲ့ ကုလသမဂ္ဂအထွေထွေ ညီလာခံကာလအတွင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က မနက်ဖြန်မှာ ဦးစီးကျင်းပမယ့် မြန်မာ့မိတ်ဆွေများ ၁၄ နိုင်ငံဝန်ကြီးအဆင့် ဆွေးနွေးပွဲမှာ ပထမဆုံးအနေနဲ့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်တက်ရောက်ဖို့ ရှိတယ်လို့ ပြောပါတယ်။

ကုလသမဂ္ဂ အထွေထွေညီလာခံကာလအတွင်း နယူးယောက်မှာ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးအတွက် နိုင်ငံတကာ အစည်းအဝေးပေါင်းများစွာထဲက မြန်မာ့မိတ်ဆွေနိုင်ငံများ အုပ်စုအစည်းအဝေးကို တက်ရောက်ဖို့စီစဉ်ထားတာက မြန်မာနိုင်ငံရေးပြဿနာဟာ အမေရိကန်နိုင်ငံခြားရေးမူဝါဒထဲမှာ အရေးတကြီးတခု ဖြစ်တည်ရှိနေတာကို ပြသနေတဲ့ သင်္ကေတပဲလို့ ကမ္ဘာ့မီဒီယာတွေမှာ ဖော်ပြနေကြပါတယ်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ဒီတပတ်အတွင်း ကုလသမဂ္ဂအထွေထွေညီလာခံကာလမှာ ဆောင်ရွက်စရာ၊ ဖြေရှင်းစရာ၊ ဆွေးနွေးစရာတွေအကြောင်း ပြီးခဲ့တဲ့ သောကြာနေ့က သတင်းစာရှင်းလင်းပွဲမှာ ပြောရင်းနဲ့ မြန်မာနိုင်ငံပြဿနာကိုလည်း ဆွေးနွေးဖို့ရှိတယ်လို့ ရှင်းပြခဲ့တာပါ။

မနက်ဖြန် ကျင်းပမယ့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ဘန်ကီမွန်းဦးစီးကျင်းပတဲ့ မြန်မာ့မိတ်ဆွေနိုင်ငံများ ၁၄ နိုင်ငံဆွေးနွေးပွဲမှာ စစ်အစိုးရကိုယ်စားပြုနယူးယောက်ကို ရောက်ရှိနေတဲ့ ဦးဉာဏ်ဝင်းက ဒီအစည်းအဝေးကို တက်ရောက်ဖို့ ဖိတ်ကြားထားပေမယ့် တက်မှာမဟုတ်ဘူးလို့ ကုလသမဂ္ဂသံတမန်အသိုင်းအဝိုင်းကတဆင့် သိရပါတယ်။ ကုလသမဂ္ဂကလာတဲ့ ရိုက်တာသတင်းတခုမှာ ဦးဉာဏ်ဝင်းအနေနဲ့ နယူးယောက် ကုလသမဂ္ဂရုံးရဲ့ ပတ်လည် ၂၅ မိုင်ပဲသွားလာခွင့် ရှိရာကနေ ဝါရှင်တန် ဒီစီမှာရှိတဲ့ မြန်မာသံရုံးကို သွားရောက်လည်ပတ်ခွင့် ရခဲ့တယ်လို့ ဖော်ပြထားပါတယ်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က မြန်မာနိုင်ငံမှာ နိုင်ငံရေးအကျဉ်းသားတွေ မလွှတ်မြောက်သေးတဲ့ အခြေအနေ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးမဖြစ်ပေါ်သေးတဲ့ပကတိအခြေအနေကို မနက်ဖြန်အစည်းအဝေးမှာ တင်ပြမယ့်သဘောရှိပါတယ်။ ဒါ့အပြင် အမေရိကန်နိုင်ငံဘက်က မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားရေးရာ မူဝါဒသစ်ကို ပြောဆိုလာမလားလို့ မျှော်လင့်သုံးသပ်မှုတွေရှိတဲ့အပြင် တရုတ်နိုင်ငံရဲ့ မြန်မာနိုင်ငံအပေါ် သဘောထား ဘာဖြစ်လာမလဲဆိုတာကိုလည်း စိတ်ဝင်တစားစောင့်ကြည့်နေသူတွေရှိတယ်လို့ အန်စီဂျီယူဘီရဲ့ ကုလသမဂ္ဂဆိုင်ရာ ကိုယ်စားလှယ် ဦးသောင်းထွန်းက ပြောပါတယ်။

# သင့်ကြောင့် စစ်တပ်ကျွန် မဖြစ်ပါစေနှင့်

**ကျော်ကျော်စိုး**

ယခုတလော ၂၀၁၀ ရွေးကောက်ပွဲနှင့်ပတ်သက်သော အသံများကိုကြားနေရသည်။ မဆန်းလှပေ၊ ၂၀၁၀ ခုနှစ်သို့ နီးကပ်လာပြီဖြစ်သောကြောင့်တည်း။

နအဖ ၏ ဝါဒဖြန့်သတင်းစာများတွင် ရွေးကောက်ပွဲအကြောင်းကို အရေးသားဖော်ပြမှုများလာသည်။ ရွေးကောက်ပွဲသည် ဒီမိုကရေစီသို့တက်လှမ်းရေးအတွက် မည်မျှအရေးပါသည်၊ မည်သည့်အဖွဲ့အစည်းများ ပုဂ္ဂိုလ်များက ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဟု ဆိုသည်။ ရွေးကောက်ပွဲအတွက် ပြည်တွင်းအင်အားစုများထဲမှ ထောက်ခံမှုများရရှိနေပြီ၊ ပြည်ပမှပုဂ္ဂိုလ်များ၊ နိုင်ငံများကလည်း ရွေးကောက်ပွဲကျင်းပကာ ဒီမိုကရေစီပြောင်းလဲရေးဆီသို့ ထောက်ခံအားပေးနေကြပြီဟု ရေးသားကြသည်။

ပြည်တွင်းရှိ အချို့သောနိုင်ငံရေးအင်အားစုများ၊ တိုင်းရင်းသားအဖွဲ့အစည်းအချို့ကလည်း ပါတီထောင်မည်၊ ၂၀၁၀ ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဟု ပွင့်ပွင့်လင်းလင်းပြောဆိုမှုများရှိသကဲ့သို့ သွယ်ဝိုက်ကာပြောဆိုမှုများလည်းရှိသည်။ အချို့ကလည်း မီးစင်ကြည့်ကမည့်သဘောမျိုး ပြောသည်များလည်းရှိသည်။ အချို့ကလည်း ရွေးကောက်ပွဲမဝင်ဟုပြောကြသည်။

လွှတ်တော်ရွေးကောက်ပွဲ၊ သမတရွေးကောက်ပွဲ၊ ဒေသန္တရရွေးကောက်ပွဲစသည်တို့သည် နိုင်ငံတနိုင်ငံတွင် အစိုးရအဖွဲ့အပြောင်းအလဲ၊ နိုင်ငံရေးအပြောင်းအလဲ၊ အုပ်ချုပ်ရေးအပြောင်းအလဲအတွက် အခြေခံအကျဆုံးသောလုပ်ငန်းစဉ်များထဲမှ တခုဖြစ်သည်။ ဒီမိုကရေစီသို့ လျှောက်လှမ်းမည့်နိုင်ငံများ၊ ဒီမိုကရေစီကျင့်သုံးသောနိုင်ငံများတွင် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲများကို ကျင်းပကြသည်။

ထိုသို့ရွေးကောက်ပွဲများ၌ ပြည်သူများက၎င်းတို့ကိုယ်စား နိုင်ငံ၊ ဒေသကို စီမံခန့်ခွဲဦးဆောင်မည့်သူများကို ရွေးချယ်ကြသည်။ ဤသည်ကို ကိုယ်စားပြုဒီမိုကရေစီဟု ခေါ်ဆိုကြသည်။ ၁၇ ရာစုကတည်းက စတင်ကျင့်သုံးလာခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။ မြန်မာစစ်အာဏာပိုင်များက ကျင်းပရန်စီစဉ်ထားသည့် ၂၀၁၀ ရွေးကောက်ပွဲသည် ဒီမိုကရေစီအစိုးရတရပ် ပေါ်ထွန်းလာစေရေးအတွက် အဆင့် ၇ ဆင့်ပါ နိုင်ငံရေးလမ်းပြမြေပုံနှင့်အညီ လုပ်ဆောင်သည်ဟုဆိုသည်။

မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲအား တရားမျှတစွာဖြင့်ကျင်းပနိုင်လျှင်၊ ပြည်သူလူထုကလွတ်လပ်စွာမဲပေးနိုင်လျှင်၊ ထိုရွေးကောက်ပွဲများမှတဆင့် ရွေးချယ်တင်မြှောက်ခံခဲ့ရသည့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဒီမိုကရက်တစ်အစိုးရတရပ်ကို ဖွဲ့စည်းနိုင်ပေလိမ့်မည်။ သို့သော် ဒီမိုကရေစီအခြေပြုနိုင်ငံရေးစနစ်ကို ထူထောင်နိုင်မည်လေဟု မေးခွန်းထုတ်လိုပေသည်။ ထိုသို့ မေးခွန်းထုတ်ရခြင်းအတွက် အကြောင်းရင်းများရှိနေခြင်းကြောင့် ဖြစ်သည်။

လွှတ်တော်ဆိုသည်မှာ နိုင်ငံ၏အရေးကိစ္စများကို ဆွေးနွေးရာနေရာဖြစ်သည်။ လိုအပ်သောဥပဒေများကို အတည်ပြုပြဋ္ဌာန်းရာ နေရာဖြစ်သည်။ ဥပဒေဟုဆိုသည်နှင့် နိုင်ငံတနိုင်ငံအတွင်းရှိ ဥပဒေများအနက် ထိပ်တန်းအကျဆုံး၊ အမြင့်မားဆုံးဥပဒေမှာ ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို နိုင်ငံ၏အသက်၊ ဥပဒေအားလုံး၏မိခင်ဥပဒေဟု ခေါ်ဆိုကြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ အစိုးရတရပ်အတွက် အုပ်ချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို စာဖြင့်အတိအကျ ရေးဆွဲထားသောအရာဖြစ်သည်။ ထိုအခြေခံဥပဒေထဲတွင် နိုင်ငံရေးအာဏာအဝန်းအဝိုင်းကို ဖော်ပြထားသည်။ နိုင်ငံရေးဆိုင်ရာ အခြေခံစည်းမျဉ်း စည်းကမ်းများကို ဖော်ပြထားသည်။ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းအဆင့်ဆင့်၏ ဖွဲ့စည်းမှုပုံသဏ္ဌာန်၊ အာဏာခွဲဝေမှု ကျင့်သုံးမှု၊ ပြည်သူလူထု၏အခွင့်အရေး၊ တာဝန် စသည်များကို အတိအလင်းရေးသားဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ်မှ ယနေ့တိုင် အာဏာသိမ်းထားသော စစ်တပ်ခေါင်းဆောင်တို့က ၎င်းတို့သာ အာဏာချုပ်ကိုင်နိုင်ရေးကိုသာ အစဉ်တစိုက်ကြိုးပမ်းနေခဲ့ကြသည်။ အမှန်စင်စစ် ၎င်းတို့သည် ကိုယ်စားပြုဒီမိုကရေစီစနစ်ကို ဖော်ဆောင်မည့် ၁၉၉၀ ရွေးကောက်ပွဲ အနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား အာဏာလွှဲပြောင်းခြင်းမပြုလိုသောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရေးဆွဲရန်လိုအပ်သည်ဟု အကြောင်းပြခဲ့သည်။

သို့သော် တကယ်တမ်း ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရေးဆွဲသည့်အခါတွင်မူ ရွေးကောက်ပွဲအနိုင်ရ လွှတ်တော်ကိုယ်စားလှယ်များအား လွှတ်တော်ခေါ်ခွင့်မပေးသည့်အပြင် အခြေခံဥပဒေရေးဆွဲရာတွင်လည်း မပါဝင်နိုင်အောင် နည်းအမျိုးမျိုးဖြင့် ပိတ်ပင်နှောင့်ယှက်ခဲ့သည်။ ဤသို့ဖြင့် နဝတ နအဖ ဟု နာမည်အမျိုးမျိုးတပ်ထားသည့် စစ်တပ်ခေါင်းဆောင်ပိုင်းတို့က နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအား ၁၉၉၃ ခုနှစ်တွင်စ၍ ဒီမိုကရေစီစံနှုန်းများနှင့်မကိုက်ညီဘဲ ၎င်းတို့စိတ်ကြိုက်ရေးဆွဲလာနိုင်ခဲ့သည်။

၁၄ နှစ်အကြာ ၂၀၀၈ ခုနှစ်၌ လူထုအားအတင်းအဓမ္မအတည်ပြုနိုင်းပြီးနောက် ရွေးကောက်ပွဲခေါ်ရန်အဆင့်သို့ ရောက်လာတော့သည်။ ဤသို့သော အခြေခံဥပဒေမျိုးသည် အနာဂတ်မြန်မာနိုင်ငံတွင် ဒီမိုကရေစီအခြေပြုနိုင်ငံရေးစနစ်ကို ထူထောင်နိုင်မည်လောဆိုသည့် မေးခွန်းထုတ်ရခြင်း၏ အဓိက အကြောင်းရင်းဖြစ်လာသည်။ အာဏာသိမ်းစစ်ခေါင်းဆောင် နအဖ ဗိုလ်ချုပ်ကြီးများက တပ်မတော်သည် အနာဂတ်အမျိုးသားနိုင်ငံရေးတွင် ဦးဆောင်အခန်းကပါဝင်ရမည် ဆိုသည့်အချက်ကို ဦးထိပ်ထားသည်။ ဤသည်က ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အဓိက ရည်ရွယ်ချက်ဖြစ်သည်။

ထိုဖွဲ့စည်းပုံအခြေခံဥပဒေအရဆိုလျှင် နိုင်ငံအဆင့်လွှတ်တော်နှစ်ရပ်စလုံးတွင်သာမက ပြည်နယ်လွှတ်တော်များ၌ပါ အမတ်နေရာအရေအတွက်၏ ၂၅ % မှာ လူထုကရွေးကောက်လိုက်သော ပြည်သူ့ကိုယ်စားလှယ်များမဟုတ်ဘဲ ကာကွယ်ရေးဦးစီးချုပ်က ရွေးချယ်ခန့်အပ်သည့် တပ်မတော်သားများဖြစ်သည်။ စစ်တပ်က ၎င်း၏အရေးကိစ္စများအား သီးခြားလွတ်လပ်စွာ စီမံခန့်ခွဲဆောင်ရွက်ပိုင်ခွင့်ကို ၂၀၀၈ အခြေခံဥပဒေထဲတွင် အာမခံပေးထားသည်။

စစ်တပ်သည် ဒုတိယ သမတ တဦးကို အမည်စာရင်းတင်သွင်းခွင့်ရှိသည်။ လွှတ်တော်နှစ်ရပ်က ဒုတိယ သမတ ၂ ဦးကို အမည်စာရင်းတင်သွင်းခွင့်ရှိသည်။ ထို ၃ ဦးထဲမှ ၁ ဦးကို သမတအဖြစ်ရွေးချယ်မည်ဟုဆိုသည်။ ဒုတိယ သမတများနှင့် သမတ တို့သည် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ စစ်ရေးကိစ္စများကို ကောင်းစွာနားလည်ဆောင်ရွက်နိုင်သူ ဖြစ်ရမည်ဟု အဆိုပါအခြေခံဥပဒေက ဆိုထားသည်။ ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတွင်အရေးပေါ်အခြေအနေ ကြေညာပိုင်ခွင့်ရှိပြီး နိုင်ငံကိုစီမံခန့်ခွဲအုပ်ချုပ်မှုသည် အခြေခံဥပဒေနှင့် အညီဖြစ်သည်ဟု အတိအလင်းရေးသားထားသည်။ ဤအချက်က စစ်တပ်ကအာဏာသိမ်းခြင်းသည်ပင်လျှင် အခြေခံဥပဒေအရဖြစ်နေကြောင်း တွေ့ရသည်။ စစ်တပ်သည် မည်သည့်အချိန်တွင်မဆို အာဏာသိမ်းပိုင်ခွင့်ရှိနေကြောင်း အခြေခံဥပဒေက အာမခံချက်ပေး ထားသကဲ့သို့ ဖြစ်နေတော့သည်။

ထို့အပြင် နိုင်ငံကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုသည်လည်းရှိသေးသည်။ ထိုကောင်စီအား အဖွဲ့ဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းထားရမည်ဟုဆိုသည်။ ထိုအထဲတွင် ၆ ဦးသည် စစ်တပ်မှလာသော သို့မဟုတ် စစ်တပ်မှခန့်အပ်သောသူများဖြစ်ရမည့် ဒုတိယ သမတ တဦး၊ ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီး တို့ဖြစ်နေပြန်သည်။ အကြောင်းတစုံတရာကြောင့် အဆိုပါကောင်စီအတွင်း သဘောထားညှိနှိုင်းမရဘဲ မဲခွဲဆုံးဖြတ်ရသည့် အဆင်ရောက်သောအခါမျိုးတွင် စစ်တပ်သည် အများစုသဘောဆန္ဒကို အလွယ်တကူရရှိနေမည်ဖြစ်သည်။ ဤအချက်မှာ စီမံခန့်ခွဲအုပ်ချုပ်မှုများတွင် အခြေခံဥပဒေဘောင်အတွင်းမှနေ၍ စစ်တပ်ကလက်ဝါးကြီးအုပ်ချယ်လှယ်နိုင်ခွင့်ရနေပြီး တနည်းအားဖြင့် အာဏာကို တရားဝင်အလွဲသုံးစားခြင်းပင်ဖြစ်သည်။

ကာကွယ်ရေး၊ ပြည်ထဲရေး၊ နယ်စပ်ရေးရာဝန်ကြီးများနှင့် ဒုဝန်ကြီးများအပြင် ပထမ နှင့် ဒုတိယ သမတများကို ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသောသူများထဲမှသာ ရွေးချယ်ခန့်အပ်ရမည်ဟု ဆိုထားသည့်အပြင် ထိုသူ

များအား ရာထူးမှဖယ်ရှားရမည့်အခါမျိုးတွင် ကာကွယ်ရေးဦးစီးချုပ်နှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဟု အခြေခံဥပဒေထဲတွင် ဆိုထားသည့်အတွက် ကာကွယ်ရေးဦးစီးချုပ်သည် အစိုးရနှင့်လွှတ်တော်တို့ထက်ပင် အာဏာပိုကြီးမားနေသည်။

၂၀၀၈ ခုနှစ်တွင် လူထုဆန္ဒခံယူပွဲဖြင့် အတည်ပြုသည်ဆိုသော အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ စစ်တပ်ကအနာဂတ် မြန်မာ့နိုင်ငံရေးလောကအား ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာများကို ထိုကဲ့သို့လက်ဝါးကြီးအုပ် လွှမ်းမိုးချယ်လှယ်ပိုင်ခွင့် ပေးထားသည့်အတွက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအား စစ်တပ်အလိုကျ ရေးဆွဲထားသော အခြေခံဥပဒေဟုဆိုရခြင်းဖြစ်သည်။ စစ်တပ်ကလက်ဝါးကြီးအုပ်ထားသော အခြေအနေမျိုးတွင် ဒီမိုကရေစီစံနှုန်းများ ထင်ထင်ရှားရှားရှိမနေသည့်အတွက်ကြောင့် စစ်မှန်သောဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ စစ်မှန်သော ဒီမိုကရေစီဖော်ဆောင်ရေးကို အမှန်တကယ်ဆောင်ရွက်နိုင်ပါမည်လော။

မြန်မာနိုင်ငံ၏ပကတိဖြစ်ပျက်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများအရ ရွေးကောက်ပွဲကျင်းပကာ ပြည်သူ့ကိုယ်စားလှယ်များဖြင့်ဖွဲ့စည်းထားသော လွှတ်တော်မှတဆင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများကို တဖြည်းဖြည်းချင်းလုပ်ဆောင်သွားပါက ဒီမိုကရေစီထွန်းကားသော မြန်မာနိုင်ငံအဖြစ် အသွင်ပြောင်းနိုင်လိမ့်မည်ဟု ယူဆသူများလည်းရှိသည်။

ထိုအယူအဆကိုလက်ခံသူများက ယခုလောလောဆယ်တွင် စစ်တပ်က အုပ်ချုပ်နေသည့်အတွက် ပြောရေးဆိုပိုင်ခွင့် လုပ်ကိုင်ပိုင်ခွင့်မရဖြစ်နေပြီး ရွေးကောက်ပွဲကျင်းပပြီးစီးသွားပါက ပေါ်ပေါက်လာသောလွှတ်တော်တွင် အရေးကိစ္စများကို တရားဝင်ပြောဆိုဆွေးနွေးခွင့်များ ရလာမည်ဟာယုံကြည်မျှော်လင့်နေကြသည်။ Something is better than nothing ဆိုသည့် အယူအဆမျိုးဖြစ်သည်။

ထိုအယူအဆမျိုးသည် အာဏာကိုထာဝရချုပ်ကိုင်နိုင်ရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းနေသော နအဖ ဗိုလ်ချုပ်ကြီးများအုပ်ချုပ်နေသည့် ကာလမျိုးတွင် လွန်စွာကြောက်မက်ဘွယ်ကောင်းသော အယူအဆဖြစ်သည်။ အမျိုးသားညီလာခံတွင် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလူမျိုးစုများအား စစ်အာဏာပိုင်များက မည်သို့မည်ပုံဆက်ဆံခဲ့သည်၊ မည်သို့ကန့်သတ်ချုပ်ချယ်ခဲ့သည်၊ ၎င်းတို့အလိုအတိုင်း မည်သို့ပြုလုပ်ခဲ့ကြသည်ကို ပြန်လည်စဉ်းစားသုံးသပ်မိလျှင် Something is better than nothing ဆိုသည့် အယူအဆမှာ လက်ရှိအခြေအနေတွင် မည်မျှအန္တရယ်ကြီးသည်ကို သိရှိနားလည်ကြမည်ဟု ယူဆမိသည်။

အကယ်၍ နအဖ ကကျင်းပရန်စီစဉ်ထားသော ၂၀၁၀ ရွေးကောက်ပွဲဖြစ်မြောက်ကာ ထိုရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူများထဲမှ ရွေးချယ်ခံရသည့် အမတ်များက ဘာလုပ်ကြမည်နည်း။ အလွယ်တကူ ခန့်မှန်းနိုင်သည်မှာ ထိုထိုသော ရွေးချယ်တင်မြှောက်ခံရသူတို့သည် လွှတ်လပ်သောအစိုးရတရပ်ကို ဖွဲ့စည်းလျှက် တိုင်းပြည်ကိုဦးဆောင်စီမံခန့်ခွဲနိုင်မည်မဟုတ်ပေ။ လွှတ်တော်အမတ်တို့သည်လည်း လွှတ်တော်ထဲတွင် လွှတ်လပ်စွာဥပဒေပြုနိုင်မည်မဟုတ်ပေ။

၂၅%ပါဝင်နေသော စစ်တပ်အရာရှိများအပါအဝင် အားလုံးသောလွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်ပေါ်ပေါက်လာပါက ၂၀၀၈ အခြေခံဥပဒေ၏ ချည်နှောင်တုတ်မှုကို ခံရမည်မှာသေချာပေါက်ဖြစ်သည်။ အခြေခံဥပဒေပါအတိုင်း လိုက်နာအကောင်အထည်ဖော်ရပေလိမ့်မည်။ ထိုအရာမှလွဲ၍ အခြားမည်သည့်အရာမျှ လုပ်ဆောင်၍ရမည်မဟုတ်ပေ။

ရွေးကောက်ပွဲဝင်မည်ဟုဆိုသူများတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် အခြေခံဥပဒေကို နောက်ပိုင်းတွင် တဖြည်းဖြည်းချင်းပြုပြင်သွားနိုင်မည်ဆိုသည့် အတွေးများရှိမည်မှာ သေချာသည်။ နအဖ ဗိုလ်ချုပ်ကြီးများက ၂၀၀၈ အခြေခံဥပဒေတွင် အခြေခံဥပဒေပါအကြောင်းအရာများကို ပြင်ဆင်၊ ပယ်ဖျက်မှုများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ၇၅ % ထက်ကျော်လွန်ပါက လုပ်ဆောင်၍ရသည်ဟာ ဖော်ပြထားသည်။ စစ်တပ်သဘောတူသောအရာများ ပြင်ဆင်ပယ်ဖျက်ရေးအတွက် အခက်အခဲရှိမည်မဟုတ်ပေ။ သို့သော် အခြေအနေတချို့ဖြင့် ဥပမာပြုမေးခွန်းထုတ်လိုပေသည်။

ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတွင်အရေးပေါ်အခြေအနေ ကြေညာပိုင်ခွင့်ရှိပြီး နိုင်ငံကိုစီမံခန့်ခွဲအုပ်ချုပ်မှုသည် ၂၀၀၈ အခြေခံဥပဒေနှင့်အညီဖြစ်သည်ဟူသောအချက်ကို ပယ်ဖျက်ရေးအတွက် လုပ်ဆောင်ကြမည်ဆိုလျှင် ကာကွယ်ရေးဦးစီးချုပ်ကခန့်ထားသော စစ်တပ်ကိုယ်စားလှယ်အမတ်များသည် ပြည်သူ့မျက်နှာကို ကြည့်မည်လော၊ ကာကွယ်ရေးဦးစီးချုပ်မျက်နှာကိုကြည့်မည်လော။

စစ်တပ်ကရင်း၏အရေးကိစ္စများအား "သီးခြားလွှတ်လပ်စွာ" စီမံခန့်ခွဲဆောင်ရွက်ပိုင်ခွင့်ရှိသည်ဆိုသော ဥပဒေပြဌာန်းချက်တွင် အဆိုပါ "သီးခြားလွှတ်လပ်စွာ" ဆိုသောလုပ်ပိုင်ခွင့်ကို လွှတ်တော်၏သဘောတူညီချက် သို့မဟုတ် အစိုးရအဖွဲ့၏ သဘောတူညီချက်အတိုင်းသာ ဖြစ်ရမည်ဟု ပြင်ဆင်ကာ အာဏာကို ကန့်သတ်မည်ဆိုပါက ကာကွယ်ရေးဦးစီးချုပ်ကခန့်ထားသော စစ်တပ်ကိုယ်စားလှယ်အမတ်များသည် ပြည်သူ့မျက်နှာကိုကြည့်မည်လော၊ ကာကွယ်ရေးဦးစီးချုပ်မျက်နှာကိုကြည့်မည်လော။

ကာကွယ်ရေး၊ ပြည်ထဲရေး၊ နယ်စပ်ရေးရာဝန်ကြီးများနှင့် သမတ တို့ကို ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသောသူများထဲမှ ရွေးချယ်ခန့်အပ်ရမည်ဟုဆိုထားသည့်အပြင် ထိုသူများအား ရာထူးမှဖယ်ရှားရမည့်အခါမျိုးတွင် ကာကွယ်ရေးဦးစီးချုပ်နှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဟု အခြေခံဥပဒေထဲတွင် ဆိုထားသည့်အချက်သည် ကာကွယ်ရေးဦးစီးချုပ်က အစိုးရအဖွဲ့ထက် အာဏာကြီးနေသောကြောင့် ဤသည်မှာ ဒီမိုကရေစီစံနှုန်းများနှင့် မည်သို့မျှမအပ်စပ်၍ ကာကွယ်ရေးဦးစီးချုပ်၏ လုပ်ပိုင်ခွင့်အာဏာကို လျှော့ချရုတ်သိမ်းရန် လွှတ်တော်တွင်း ကြိုးပမ်းလုပ်ဆောင်လာပါက ကာကွယ်ရေးဦးစီးချုပ်က ခန့်ထားသော စစ်တပ်ကိုယ်စားလှယ်အမတ်များသည် ပြည်သူ့မျက်နှာကို ကြည့်မည်လော၊ ကာကွယ်ရေးဦးစီးချုပ်မျက်နှာကို ကြည့်မည်လော။

ဒီမိုကရေစီအခြေပြု နိုင်ငံရေးစနစ်တွင် ပြည်သူလူထုသည် အရှင်သခင်ဖြစ်သည်။ အမြင့်ဆုံးအာဏာပိုင်ဖြစ်သည်။ ပြည်သူတို့၏အကျိုးစီးပွားကို မြှင့်တင်ကာကွယ်ပေးရန် အာမခံချက်အပြည့်အဝရှိသည်။ သို့သော် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ စစ်တပ်သည် အမြင့်ဆုံးအာဏာပိုင်ဖြစ်နေသည်။ အရှင်သခင်ဖြစ်နေသည်။ ပြည်သူလူထုသည် စစ်တပ်ကျွန်ဖြစ်နေသည့်ကိန်းဆိုက်နေသည်။

ဒီမိုကရေစီကိုစစ်မှန်စွာ ယုံကြည်သောသူတို့အနေဖြင့် အဆိုပါအခြေအနေကို လက်တွေ့အကောင်အထည်ပေါ်လာအောင် လုပ်ဆောင်သင့်သလော၊ သို့မဟုတ် မသင့်သလော ဆိုသည့်အချက်ကို အချိန်မီပြတ်သားစွာ ဆုံးဖြတ်နိုင်လိမ့်မည်ဟုယူဆသည်။ ထို့ကြောင့် လက်ရှိမြန်မာ့နိုင်ငံရေးအကျပ်အတည်းဖြေရှင်းရန်နှင့် အနာဂတ်အတွက် ခိုင်မာသည့်ဒီမိုကရေစီအုတ်မြစ်ကို ချနိုင်ရေးသည် ၂၀၁၀ ရွေးကောက်ပွဲမဟုတ်ဘဲ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ အရင်ဆုံးပြန်လည်သုံးသပ် ပြင်ဆင်နိုင်ရေးသည်သာ မရှိမဖြစ်အရေးပါသောကိစ္စဖြစ်ကြောင်း မြန်မာ့နိုင်ငံရေးသမားများ၊ နိုင်ငံရေးလှုပ်ရှားသူများအပါအဝင် မြန်မာပြည်သူပြည်သားအားလုံး သိရှိနားလည်ရန်လိုအပ်သည်။

အထူးသဖြင့် ရွေးကောက်ပွဲဝင်ကြမည်ဆိုသည့် နိုင်ငံရေးသမားများကနားလည်သဘောပေါက်ရန် လိုအပ်နေသည်။ လက်ရှိ မြန်မာပြည်သူပြည်သားများနှင့်တကွ နောက်ထပ်မွေးဖွားလာမည့် မြန်မာကလေးတို့၏ နောင်ရေးအတွက်ပါ ထည့်သွင်းစဉ်းစားလိုသည်။ တနည်းဆိုရလျှင် သင်ကိုယ်တိုင်လည်း စစ်တပ်ကျွန်အဖြစ်မခံသင့်သကဲ့သို့ မွေးဖွားလာမည့် မြန်မာပြည်သား ကလေးငယ်များမှာလည်း သင့်ကြောင့် "မွေးရာပါ စစ်တပ်ကျွန်" မဖြစ်ပါစေနှင့်ဟု ဆိုချင်ပါသည်။

---

**မျက်နှာဖုံးမှ**

သူက အပေးအယူသဘောအထိ ရောက်သွားမယ်ဆိုတဲ့အနေမျိုး ရှိတဲ့အခါကျတော့ တဘက်သတ်ရပ်ပြီး အပြုသဘောကြည့်ဆက်ဆံနေတဲ့ သဘောမျိုးမဟုတ်ဘူး။ လုပ်ငန်းအနေနဲ့ပါတဲ့ကိစ္စမျိုးကို ဆောင်ရွက်သွားဘို့၊ ဥပမာအားဖြင့် ဖြစ်နေတဲ့ နိုင်ငံရေးပြဿနာ အကျပ်အတည်းတွေ၊ စီးပွားရေးအခက်အခဲတွေကို ပူးပေါင်းဆောင်ရွက်ပြီးတော့ အဖြေရှာရေး၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဒီမိုကရေစီအင်အားစုတွေ၊ တိုင်းရင်းသားတွေအပါအဝင် တွေ့ဆုံဆွေးနွေးပြီးတော့ နိုင်ငံရေးအဖြေရှာတဲ့အနေအထားမျိုးကို ရောက်အောင်သွားဘို့လိုတယ်လို့တော့ ကျနော်တို့ကပြောလိုက်တာဘဲလေ။" လို့ ဦးခင်မောင်ဆွေကပြောပါတယ်။

အမေရိကန်သံရုံးတာဝန်ခံနဲ့ နိုင်ငံရေး၊ စီးပွားရေးဗျူရိုတာဝန်ခံကို NLD ပါတီက ဦးခင်မောင်ဆွေအပါအဝင် ဗဟိုအလုပ်အမှုဆောင် ၃ ဦးနဲ့ ဒေါက်တာသန်းငြိမ်း၊ ဦးစိန်လှဦး၊ ဦးအုန်းကြိုင်၊ ဦးဟံသာ၊ ဒေါက်တာဝင်းနိုင်တို့က လက်ခံတွေ့ဆုံခဲ့တာဖြစ်ပါတယ်။

# ကျပ် ၅၀၀၀ တန်ဝယက်ကြောင့် ရန်ကုန်စီးပွားရေး ကမောက်ကမဖြစ်

**NEJ၊ စက်တင်ဘာ ၂၅။** ။ နအဖ အစိုးရက ကျပ် ၅,၀၀၀ တန် ငွေစက္ကူအသစ်ထုတ်ဝေမည်ဆိုသည့် သတင်းကြောင့် စီးပွားရေးဈေးကွက်အတွင်း ကမောက်ကမဖြစ်ကုန်ပြီး ရွှေဈေးကွက်လည်း ဈေးပင်မဖွင့်နိုင်တော့ကြောင်း ရွှေကုန်သည်တဦးက ပြောပါတယ်။

“ဒီနေ့ ရွှေကုန်သည်များအသင်း အမှုဆောင်တွေအားလုံး ရွှေဘုံသာလမ်းက သူတို့ရုံးခန်းမှာရောက်နေကြတယ်။ ဒီနေ့ ဘယ်ဈေးပေါက်နေလဲ ဈေးမဖွင့်ပေးရဲသေးဘူး။ ဈေးကိုပုံမှန်အတိုင်းဖွင့်ပေးလိုက်ရင် အာဏာပိုင်တွေရန်ရှာမှာစိုးလို့ ဘယ်သူမှမလုပ်ရဲဘူး။ ရွှေဈေးဟာ မနေ့ကဈေးပိတ်ချိန် အကယ်ဒမီခေါက်ရွှေ တကျပ်သား ကျပ် ၅၇၆,၀၀၀ ပတ်ဝန်းကျင်ရှိတယ်။

ည ၈ နာရီသတင်းမှာ ကျပ် ၅,၀၀၀ တန်ထုတ်မယ်ဆိုပြီးလည်း ကြေညာလိုက်ရော တကျပ်သား ကျပ် ၆ သိန်း စဖြစ်တယ်။ ဒီနေ့ဆိုင်ဖွင့်ချိန်ဝယ်ဈေးဟာ ၅၉၀,၀၀၀ ဖွင့်ထားပေးတယ်။ ဒါပေမယ့် ရောင်းဈေးကိုတော့ ၆ သိန်းအထက်မှာထားတယ်။ ရောင်းဈေး ဝယ်ဈေးအများကြီးဟာနေတယ်။ ကြိုက်ရောင်း ကြိုက်ဝယ်ဘဲ။ အရောင်းအဝယ်က ရှိတော့ရှိတယ်၊ နည်းတယ်၊ အမှန်တကယ် ဒေါ်လာပေါက်ဈေးပေါ်မှာချိန်ပြီးတော့ အရောင်းအဝယ်လုပ်နေကြတာ။” လို့ပြောပါတယ်။

အလားတူ ဒေါ်လာဈေးကွက်မှာလည်း ကြာသပတေးနေ့ညနေ ဒေါ်လာပေါက်ဈေး တဒေါ်လာ ၁,၀၇၈ ကျပ်ရှိနေရာမှ ယနေ့ပေါက်ဈေး ၁,၁၄၀ ခန့်အထိ တက်လာပြီး ရောင်းဈေးနှင့်ဝယ်ဈေးကိုမူ တဒေါ်လာ ၁၅ ကျပ်ခန့် ခွာထားကြောင်း သိရပါတယ်။ “ချက်ချင်းဆိုသလို ဈေးတက်တာ၊ အရောင်းအဝယ်ကလတ်တလောတော့ ရပ်သွားတယ်။ ဈေးဘဲရှိတာ။ စောင့်ကြည့်နေကြတဲ့သဘောပေါ့။ ဈေးတက်သွားတဲ့အတွက် ရောင်းမယ့်သူတွေတော့လာတယ်။ ဝယ်လက်ကအားနည်းသွားတယ်။” လို့ ဗန္ဓုလပန်းခြံလမ်းမှ အရောင်းအဝယ်ပွဲစားများက ပြောပါတယ်။

ဒေါ်လာဈေး၊ ရွှေဈေးများကိုကြည့်ပါက တရက်အတွင်း ၅ မှ ၆ ရာခိုင်နှုန်းခန့်တက်လာကြောင်း ဈေးကွက်အတွင်းစုံစမ်းသိရှိရပါတယ်။ အလားတူ နိုင်ငံခြားမှ မြန်မာနိုင်ငံအတွင်း ဟွန်ဒီ ငွေလွှဲလုပ်ငန်းမှာလည်း မြန်မာငွေဈေး ၆ ရာခိုင်နှုန်းခန့် ကျဆင်းသွားတဲ့အတွက် ငွေလွှဲသူနှင့် ပြည်တွင်းမှငွေလက်ခံသူများ နစ်နာနေကြောင်းသိရပါတယ်။ အိမ်ခြံမြေဈေးကွက်တွင်မူ စရံငွေလက်ခံထားပြီးသူများအနေဖြင့် ဖြတ်ထားသည့်ဈေးနှုန်းအတိုင်း လက်ခံရမည်ဖြစ်သည့်အတွက် နစ်နာကြသော်လည်း နောက်ထပ်အရောင်းမရှိဘဲ ရပ်ဆိုင်းထားကြကြောင်း သိရပါတယ်။

အခုလို ကျပ် ၅,၀၀၀ တန်အသစ် ထုတ်ဝေတဲ့ကိစ္စနှင့်ပတ်သက်၍ ရန်ကုန်မှစီးပွားရေးပညာရှင်တဦးက “ကျနော်သိသလောက် ၅,၀၀၀ တန်တွေက ရိုက်ထားပြီးတာကြာလှပြီ။ အခွန်ဦးစီးဌာနကမိတ်ဆွေတွေကလည်း ပြောပြကြတယ်။ ဒါပေမယ့် လွန်ခဲ့တဲ့နှစ်တွေတုန်းက သတင်းစာရှင်းလင်းပွဲတွေမှာ မေးတိုင်း အစိုးရကငြင်းခဲ့တယ်။ သူတို့ ဒီလိုငွေစက္ကူအကြီးထုတ်လိုက်ရင် နဂိုကတည်းကမှအခြေအနေမကောင်းတဲ့ဈေးကွက်ကို မထိန်းနိုင်ဘဲ ကမောက်ကမဖြစ်သွားမှာကို စိုးရိမ်ပုံရတယ်။ ခုတော့ အတိုင်းအတာတခုအထိ ငွေတန်ဘိုးကိုသူတို့ထိန်းနိုင်လို့ ထုတ်တာဖြစ်မယ်။” လို့ ပြောပါတယ်။

သူကပင်ဆက်လက်၍ လက်ရှိမြန်မာပြည်၏တန်ဘိုးအကြီးဆုံး ငွေစက္ကူ ၁ ထောင်တန်သည် ၁ ဒေါ်လာမျှပင်တန်ဘိုးမရှိသည့်အပြင် ထိုင်းဘတ် ၅၀ တန်ထက်လည်း နိမ့်နေကြောင်း၊ ထို့အပြင် ဘဏ်စနစ်က ပျက်နေသည့်အပြင် ဘဏ်ကတ်များသုံးခြင်းကလည်း လုံးဝမရှိသည့်အတွက် ငွေပေးငွေယူကိစ္စများတွင် ငွေစက္ကူအများကြီးသုံးနေရသည့်အတွက် ထုတ်သင့်ကြောင်း ပြောဆိုပါတယ်။

“ဒါပေမယ့် တတိုင်းပြည်လုံးက သာမန်ပြည်သူတွေအတွက် တကယ်လိုအပ်နေတဲ့ ၂၀၊ ၅၀၊ ၁၀၀ တန်တွေကို ပိုပြီးထုတ်သင့်တယ်။ အဲဒီငွေစက္ကူတွေမရှိလို့ အောက်ခြေပြည်သူ သန်းပေါင်းများစွာ အခက်အခဲတွေကြုံနေရတယ်။ ကုန်ဈေးနှုန်းတွေလည်း မြင့်တက်နေတယ်။” လို့ အဆိုပါစီးပွားရေးပညာရှင်က ပြောပါတယ်။ ပြည်တွင်းမှာ အမန်တကယ်လိုအပ်နေတဲ့ ကျပ် ၂၀၊ ၅၀၊ ၁၀၀ တန်ငွေစက္ကူများကို ထုတ်ဝေပေးခြင်းမရှိဘဲ အခုလိုတန်ဘိုးကြီး ငွေစက္ကူရိုက်ထုတ်ပေးခြင်းကို ရန်ကုန်မြို့မှ သာမန်ပြည်သူအများစုက ကြိုက်နှစ်သက်ခြင်းမရှိကြကြောင်း စုံစမ်းသိရှိရပါတယ်။

“ဘာအတွက်ဘဲဖြစ်ဖြစ် ကျပ် ၅,၀၀၀ တန်ထုတ်တဲ့အတွက် နောက်ဆက်တွဲဖြစ်လာမယ့်ပြဿနာတွေကတော့ အများကြီးဝင်လာမှာဘဲ။ လောလောဆယ်တော့ ဈေးနှုန်းတွေတက်တယ်၊ ဒါ ပထမဆုံးပြည်သူတွေကြုံရတာဘဲ။” လို့ ရန်ကုန်မြို့ခံတဦးကပြောပါတယ်။

# ဦးသုဝေနှင့် ဦးဝင်းနိုင်တို့၏ နိုင်ငံရေးဟောပြောပွဲ ဂျာနယ်တွေမှာ ဖော်ပြခွင့်မရ

**DVB၊ စက်တင်ဘာ ၂၃။** ။ ၁၄ ရက်နေ့က ရန်ကုန်မြို့လယ်မှာ ပြုလုပ်တဲ့ ဦးသုဝေနဲ့ ဦးဝင်းနိုင်တို့ရဲ့ နိုင်ငံရေးဟောပြောပွဲကို အခုချိန်ထိ ဂျာနယ်တွေမှာ ဖော်ပြခွင့်မပြုသေးဘူးလို့ သိရပါတယ်။

အဲဒီနေ့က စာနယ်ဇင်းသမား ၆၀ ခန့်တက်ရောက် သတင်းယူခဲ့ပေမယ့် အခုထိဖော်ပြခွင့်မရသေးဘူးလို့ ဂျာနယ်သမားတချို့က ပြောပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး ကာယကံရှင် ဦးသုဝေက ဒီသတင်းဟုတ်မှန်ကြောင်း၊ ဂျာနယ်တာဝန်ခံတချို့က သူက အခုချိန်ဟာ နိုင်ငံရေးအကြောင်းပြောဖို့ သင့်တော်တဲ့အချိန်မရောက်သေးတဲ့အတွက် ခေတ္တာဆိုင်းငံ့ထားတာသာဖြစ်ပြီး သင့်တော်တဲ့အချိန်မှာ နိုင်ငံရေးအကြောင်း လွတ်လပ်စွာထည့်ခွင့်ပေးရင် ဒီသတင်းကို ဖော်ပြခွင့်ရမယ်လို့ သိရတယ်ဆိုပြီး ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌဦးသုဝေက ပြောတာပါ။

“မီဒီယာတွေက ကျနော့်ကို ပြန်ပြောတာ ပိတ်ထားတယ်ပြောတယ်။ ဒါပေမယ့် မကြာသောကာလမှာ ထည့်ခွင့်ပေးမယ်၊ တပြိုင်နက်တည်း လုပ်ကြပါပေ့။ မကြာသော ကာလဆိုတာ ဘယ်တော့လဲမသိဘူး။ သူတို့လည်း ရွေးကောက်ပွဲလုပ်မယ်ပြောတယ် ရွေးကောက်ပွဲနဲ့ ပတ်သက်လို့ပြောတာ၊ ဆိုတာတွေ သူတို့ကြိုက်တာ၊ မကြိုက်တာရှိမှာပေ့။ သို့သော် ထည့်ခွင့်တော့ ပေးဖို့ကောင်းတာပေ့။ ရွေးကောက်ပွဲ ဥပဒေကမထွက်၊ ရွေးကောက်ပွဲ ဘယ်တော့လုပ်မှန်းမသိ၊ ရွေးကောက်ပွဲလည်း ဖြစ်အုံးမှာလားမသိ။ ဒါပေမယ့် ဒါကတော့ ကိုယ့်ဟာကိုယ် ပြင်ဆင်တာပေ့။”

တကယ်ကတော့ ဒီသတင်းကို ဖေါ်ပြခွင့်မပေးတဲ့အပြင် အဲဒီဟောပြောပွဲလုပ်တဲ့သူနဲ့ ဦးဝင်းနိုင်တို့ကို လူ ၅ ယောက်ထက်ပိုမစုဖို့ နအဖက သတိပေးထားပြီးဖြစ်တဲ့အတွက် ဒီနေ့နိုင်ငံရေးအခြေနေက သိပ်မလွယ်သေးဘူးလို့ ဦးသုဝေက ပြောပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် လုပ်စရာရှိတာကို ရတဲ့နည်းနဲ့လုပ်ရမှာဖြစ်တဲ့အတွက် မြန်မာ့နည်း မြန်မာ့ဟန် ဘုန်းကြီးဆွမ်းကျွေး၊ အိမ်သစ်တက်ပွဲ စသဖြင့် အကြောင်းပြု လူစုဆွေးနွေးတဲ့နည်းနဲ့လုပ်နေတယ်လို့ ဦးသုဝေက ပြောပါတယ်။

“၁ လ ၂ လလောက်ရှိပြီလေ၊ လုပ်လို့ရတဲ့နည်းလေးနဲ့လုပ်တာပေ့။ ကျနော်တို့ပါတီဖွဲ့တုန်းကဆိုရင် ကျနော့်ရဲ့ မင်္ဂလာဆောင် အနှစ် ၄၀ မြောက်နေ့ဆိုပြီးလုပ်တယ်၊ တခါတလေ ဆွမ်းကျွေးဆိုပြီး လူစုတယ်၊ မြို့နယ်တိုင်း ကျနော်တို့အဲ့လိုပဲဆင်းတယ်၊ ဆွမ်းကျွေးဖိတ်တယ်ဗျ၊ မွေးနေ့ဖိတ်တယ်ဗျ၊ အဲ့ဒီမှာပဲ ကိုယ့်လူနဲ့ကိုယ် ပြောကြဆိုကြလိုက်တာပေ့။ အဲ့ဒီလိုမလုပ်ဘဲ ကျနော်တို့က ဒီအတိုင်းငုတ်တုတ်ထိုင်နေရင် အများကြီး နောက်ကျသွားပြီ။”

နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးနေတာနဲ့ပတ်သက်ပြီး များများဖမ်းပြီး နည်းနည်းချင်းစီလွှတ်ပေးနေလို့ သိပ်မထူးနိုင်ကြောင်း၊ အရေးကြီးပုဂ္ဂိုလ်တွေအပါအဝင် အစုလိုက်လွှတ်ပေးပြီး တဘက်မှာလည်း အဖမ်းအဆီးတွေရပ်ထားဖို့လိုမယ်၊ နိုင်ငံရေးပါတီတွေကိုလည်း လွတ်လပ်စွာ လှုပ်ရှားခွင့်ပေးဖို့လိုမယ်၊ အဲဒီလိုမျိုးမြင်ရမှ အခြေနေတွေ တိုးတက်လာမယ့်လက္ခဏာလို့ ပြောနိုင်လိမ့်လို့ ဦးသုဝေက ပြောပါတယ်။

# သတင်းပြက္ခဒိန်

**စက်တင်ဘာ ၁၇၊ Mizzima။။** ကချင်ပြည်နယ်တိုးတက်ရေးပါတီ KSPP နှင့် မွန်ပြည်သစ်ပါတီတို့အား နိုင်ငံရေးပါတီဖွဲ့မှုအတွက် UDAO မှ ကြိုဆိုပြီး မိမိတို့နှင့်ပေါင်းရန် ဖိတ်ခေါ်၏။

**စက်တင်ဘာ ၁၈၊ DVB။။** အသက် ၁၈ နှစ်မပြည့်ဘဲ စစ်သားအဖြစ်အစုဆောင်းခံရသူ မောင်အောင်ဖြိုးအား အာဏာပိုင်များမှ မအူပင်ဘဝသစ် ရဲဘက်စခန်း ၃ တွင် အလုပ်ကြမ်းခိုင်းစေချုပ်နှောင်ထားကြောင်း။

**စက်တင်ဘာ ၁၉၊ DVB။။** လွတ်လာသောနိုင်ငံရေးအကျဉ်းသားအချို့ နှောင်ကြိုးထားသည့် ၄၀၁ ပုဒ်မကို လက်မှတ်ထိုးခဲ့ရ၍ မကျေနပ်ကြကြောင်း။

**စက်တင်ဘာ ၂၁၊ DVB။။** ကိုးကန့်အား ဝင်ရောက်တိုက်ခိုက်မှုအတွက် နအဖ အား တိုင်းရင်းသားအဖွဲ့များမှ ပထမဦးဆုံးအကြိမ် ဝိုင်းဝန်းကန့်ကွက်၏။

**စက်တင်ဘာ ၂၁၊ DVB။။** နိုင်ငံရေး အရေးကြီးနေချိန် အဖွဲ့နှင့်ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးတို့နှင့်တွေ့ ခွင့်ရရန် အဲန်အဲလ်ဒီမှတောင်းဆို၏။

**၂စက်တင်ဘာ ၂၁၊ DVB။။** နောက်ဆုံးသတင်းများအရ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့်လွတ်လာသူ ၇၀၀၀ အနက် နိုင်ငံရေးအကျဉ်းသား ၁၁၉ ဦးပါကြောင်း အဖွဲ့ ချုပ်မှဆို၏။

**စက်တင်ဘာ ၂၁၊ DVB။။** ကရာအိုကေနှင့် အနှိပ်ခန်းပြဿနာများဖြင့် ရန်ကုန်တိုင်းမြို့နယ်ရဲမှူးအချို့အဖမ်းအဆီးခံခဲ့ရကြောင်း။

**စက်တင်ဘာ ၂၂၊ PS။။** လွတ်ငြိမ်းချမ်းသာခွင့်သည် ယခုအပတ် ကုလသမဂ္ဂအထွေထွေညီလာခံအကြိုနှင့် ၂၀၁၀ ရွေးကောက်ပွဲအရှိန်မြှင့်ရန် နအဖ ၏ လုပ်ရိုးလုပ်စဉ် ကလိန်ကကျစ်ပရိယာယ်ဟု ဒီမိုကရေစီနှင့်လူ့အခွင့်အရေးအဖွဲ့များမှဝေဖန်၏။ လက်တဆုတ်စာနိုင်ငံရေးအကျဉ်းကျသူများကို လွှတ်ပေးခဲ့သော်လည်း ကျန် နိုင်ငံရေးအကျဉ်းသားများ အဖမ်းခံနေရသေးကြောင်း Human Rights Watch မှ မြန်မာ့အရေးသုတေသီ David S Mathieson မှဆို၏။ နအဖ ၏ဟန်ပြသာဖြစ်ကြောင်း အေအေပီပီမှ ဦးဘိုကြည်မှဆို၏။

**စက်တင်ဘာ ၂၃၊ NY။။** အမေရိကန်နှင့်ဥရောပသည် နအဖအပေါ် ပိတ်ဆို့မှုအပြင် ဆွေးနွေးရေးမူကို သုံးလာသည်ဟု ထိုင်းဝန်ကြီးချုပ် Abhisit Vejjajiva မှဆို၏။

**စက်တင်ဘာ ၂၃၊ WP။။** နအဖ နိုင်ငံခြားရေးဝန်ကြီး ဗိုလ်ချုပ်ဉာဏ်ဝင်းသည် တိတ်တဆိတ် ဝါရှင်တန်မြန်မာသံရုံးသို့ လာခွင့်ရခဲ့ပြီး Jim Webb နှင့် ၂ ရက်တာဆွေးနွေးခဲ့၏။ သူ့အား အမေရိကန်ပြည်ဝင်ခွင့်ဗီဇာပေးခြင်းသည် အမေရိကန်၏မြန်မာအပေါ်သဘောထား ပျော့ပြောင်းလာခြင်းကိုပြ၏။

**စက်တင်ဘာ ၂၃၊ WP။။** ဗိုလ်ချုပ်သိန်းစိန်သည် ကုလအထွေထွေညီလာခံတက်မည်၊ အမေရိကန်၏ အရှေ့အာရှနှင့်ပစိဖိတ်တာဝန်ခံ Kurt Campbell နှင့်တွေ့ဆုံဖွယ်ရှိ၏။

**စက်တင်ဘာ ၂၃၊ Irrawaddy။။** ရခိုင်လူငယ် ၁၆ ဦးသည် ရန်ကုန်နှင့်စစ်တွေတို့တွင် အဖမ်းခံခဲ့ရသည်ဟု Narinjara သတင်းမှဆိုကြောင်း။

**စက်တင်ဘာ ၂၃၊ Mizzima။။** မြန်မာအပေါ် အမေရိကန်နိုင်ငံခြားရေးဝါဒ ထိတွေ့မှုနှင့်ထိရောက်မှုအမည်ဖြင့် ကြားနာမှုက စက်တင်ဘာကုန် အောက်တိုဘာလဆန်းတွင် Jim Webb မှ ဦးစီးမည်။ သူသည် အထက်လွှတ်တော် အာရှပစိဖိတ်ဒေသ နိုင်ငံခြားဆံရေးဆပ်ကော်မတီ၏ ဥက္ကဋ္ဌလည်းဖြစ်၏။

**စက်တင်ဘာ ၂၃၊ Mizzima ။။** တိုင်းရင်းသားအဖွဲ့များပါသည့် Union Democratic Alliance Organization မှ ဦးရွှေအုန်းသည် တိုင်းရင်းသားအဖွဲ့ပေါင်းစုံအား မြန်မာ့ဒီမိုကရေစီရေးအတွက် မိမိတို့အဖွဲ့နှင့်လက်တွဲရန် ဖိတ်ခေါ်လိုကြောင်း။ မိမိတို့ပါတီသည် နိုင်ရန် မမျှော်လင့်၊ ၂၅ရာနှုန်းရှိလျှင် ထိရောက်သော အတိုက်အခံဖြစ်လာမည်ဟုဆို၏။

**စက်တင်ဘာ ၂၃၊ BKK,Mizzima။။** ပရိယာယ်ပြည့် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့်လူ ၇၀၀၀ လွှတ်ခြင်းသည် ရွေးကောက်ပွဲမတိုင်မီ ဖမ်းမည့် ကျောင်းသားနှင့်နိုင်ငံရေးအကျဉ်းသားအသစ်များထားရန် ထောင်ခါခြင်း၊ နအဖ ၏တချက်ခုတ်၂ ချက်ပြတ် ဉာဏ်နီဉာဏ်နက်ဟုထင်ကြောင်း မြန်မာ့အရေးကျွမ်းကျင်သူ Bertil Lintner မှ ဘန်ကောက် Human Rights Watch မှ ရွှေဝါရောင်တောင်လှန်ရေးနှင့် နောက်ဆက်တွဲခေါင်းစဉ် သတင်းရှင်းပွဲတွင်ဆို၏။

**စက်တင်ဘာ ၂၄၊ NY ။။** ရဟန်းများ၏တော်လှန်ရေး၊ ဗုဒ္ဓဘာသာနှင့် ဆန္ဒပြသပိတ်မှောက်ခြင်းခေါင်းစဉ်ဖြင့် ရွှေဝါရောင်တော်လှန်ရေး ၂ နှစ်ပြည့်နေ့နှင့် ရှေ့အပတ် ကုလအ ထွေထွေညီလာခံနှင့် ချိန်ကိုက်၍ နျူးယောက်ရှိ Human Rights Watch မှထုတ်ပြန်၏။

**စက်တင်ဘာ ၂၄၊ AP။။** မြန်မာမွေး အမေရိကန်နိုင်ငံသား ကျော်ဇောလွင်အား မြန်မာတွင် အုံကြွမှုလှုံ့ဆော်မှုဖြင့် စက်တင်ဘာ ၃ မင်္ဂလာဒုံလေဆိပ်အရောက် ဖမ်းခဲ့ကြောင်း။ ကာယကံရှင်မှ ဟုတ်မှန်ကြောင်းဝန်ခံကြောင်း မြန်မာရုပ်မြင်သတင်းမှဆို၏။ သူ၏အမ (ညီမ) သည် ထောင်ဒဏ် ၆၅ နှစ်ကျ နိုင်ငံရေးအကျဉ်းသားတဦးဖြစ်၏။

**စက်တင်ဘာ–၂၄၊ RGN။။** ကုလသမဂ္ဂသို့ ၁၄ နှစ်အတွင်း ပထမအကြိမ်တက်ရောက်ခွင့်ရကာ ဗိုလ်ချုပ်သိန်းစိန်သည် ၂၇ နေ့တွင် ရန်ကုန်မှ ထွက်ခွာမည်။

**စက်တင်ဘာ ၂၄၊ RGN-AFP။။** လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်လာသူများတွင် နိုင်ငံရေးအကျဉ်းသား ၁၀၀ ကျော်ပါလာခြင်းကို အဲန်အဲယ်ဒီမှကြိုဆိုကြောင်း။

**စက်တင်ဘာ ၂၄၊ DVB ။။** မင်္ဂလာဒုံလေဆိပ်တွင်အဖမ်းခံရသူ ကိုညီညီအောင်အား ဖောက်ခွဲရေးစီစဉ်သူ၊ မြန်မာနိုင်ငံရေးလှုပ်ရှားသူများအား ငွေကြေးထောက်ပံ့သူ၊ ဆူပူလှုံ့ ဆော်မှု ပုဒ်မများနှင့်အရေးယူမည်ဟု မြန်မာ့အသံမှဆို၏။ သူ၏အဒေါ်သည်၎င်း၊ သံရုံးဝန်ထမ်းများသည်၎င်း သူနှင့်တွေ့ ခွင့်ရရန် ကြိုးပမ်းနေကြောင်း။

**စက်တင်ဘာ ၂၄၊ DVB။။** ၂၀၀၇ တွင် လူမိုက်အုပ်စုမှ မိမိအားထိုးရိုက် ခေါင်းအုပ်၍ ကားဖြင့်ခေါ်ဆောင် လက်ပြန်ကြိုးတုတ်ပိုးကန် အမှောင်ခန်းထဲထားခဲ့ကြောင်း လွတ်ငြိမ်းချမ်းသာခွင့်ဖြင့်လွတ်လာသူ မျိုးဆက်ကျောင်းသား ကိုမျိုးရန်နောင်သိန်းမှ ဒီဗွီဘီအင်တာဗြူးတွင် ဖြေကြား၏။

**စက်တင်ဘာ ၂၄၊ DVB ။။** လယ်ယာအသိမ်းခံလယ်သမားများကိစ္စကို အိုင်အဲလ်အိုသို့ ကူညီတိုင်တန်းပေးသူ အဲန်အဲလ်ဒီမှ ဒုဥက္ကဋ္ဌဦးအေးမြင့်အား ယနေ့ထောင်၂ နှစ်ချခဲ့၏။

**စက်တင်ဘာ ၂၅၊ VOA။။** မြန်မာအပေါ် ပိတ်ဆို့မှုများ ရုတ်သိမ်းရေးတွင် ဒေါ်အောင်ဆန်းစုကြည်သည် စစ်အစိုးရနှင့်ညှိနှိုင်းဆောင်ရွက်လို၍ စီစဉ်ပေးရန် မေတ္တာရပ်ခံစာကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံပို့ရန် ဒေါ်အောင်ဆန်းစုကြည်မှ လက်မှတ်ရေးထိုးထားကြောင်း ဦးဉာဏ်ဝင်းမှဆို၏။

**စက်တင်ဘာ ၂၅၊ DVB။။** မြင်းခြံတွင် ဒေါက်တာဝင်းသူနှင့်ဒေါ်စုလွတ်ရေး လှုပ်ရှားဘူးသူ အသက်၂၀ ကျော် ၄ ဦးအပါအဝင် လူငယ်များဆက်တိုက် အဖမ်းခံနေရ၏။

**စက်တင်ဘာ ၂၅၊ DVB။။** ရှမ်းအဲန်အဲလ်ဒီမှ စပ်ဦးကြာ ၈၀ လွတ်လာသည်မှလွဲ၍ ခွန်ထွန်းဦးနှင့်ရှမ်းနိုင်ငံရေးအကျဉ်းသားများ မလွတ်သေးကြောင်း။

**စာမျက်နှာ ၁၈ သို့**

# စစ်တပ်က သေနတ်ပစ်လေ့ကျင့်ရင်း အရပ်သားတဦးထိမှန် ဒဏ်ရာရ

**DVB | စက်တင်ဘာ ၂၁ ။** ။ ပဲခူးတိုင်းအနောက်ခြမ်း သာယာဝတီအခြေစိုက် ခြေလျင်တပ်ရင်း ခလရ ၃၅ က သေနတ်ပစ် လေ့ကျင့်ရေးသင်တန်းမှာ ရွာသားတဦး သေနတ်ထိမှန်ပြီး အတွင်းလူနာအဖြစ် ဆေးကုသမှု ခံယူနေရပါတယ်။

သာယာဝတီမြို့အရှေ့ဘက်ခြမ်းက ကွင်းတခုမှာ တပ်ရင်း ၃၅ လက်အောက်ခံ တပ် တပ်စုတစုက ပြီးခဲ့တဲ့ ၁၈ ရက်နေ့က တပ်စုတစုက သေနတ်ပစ်လေ့ကျင့်ရာမှာ လယ်ထဲအလုပ်လုပ်နေတဲ့ ရွာသူတဦးကို သေနတ်ထိမှန် ဒဏ်ရာရရှိခဲ့တာပါ။ အင်းဂေါက်ရွာရဲ့ အင်းနဲ့ဆရာစံ ဘောလုံးကွင်းကြား သေနတ်ပစ်လေ့ကျင့်တဲ့နေရာမှာ ထိမှန်ခဲ့တာဖြစ်ပြီး ဒီအကြောင်းကို တပ်ရင်း ၃၅ က အရာရှိတဦးက အတည်ပြုပြောဆိုပါတယ်။

“ကျနော်တို့ စက်ပစ်ကွင်းဝင်တာ အများကြီးပဲ။ အကုန်လုံး ပြုံပစ်တာ။ ဘယ်သူ့ ကျည်ဆန်ကြောင့် ထိတယ်ဆိုတာ မှန်းလို့မှ မရတာ။ လျော်ကြေးကိစ္စနဲ့ ပတ်သက်ပြီး ကျနော်တို့ ဘာမှ မသိရဘူး။”

ဒီကိစ္စနဲ့ပတ်သက်လို့ တပ်က တပ်မှူးနဲ့ အထက်အရာရှိတွေက ပြီးပြတ်အောင် ဆောင်ရွက်ကြောင်း ပြောဆိုပေမယ့် အသေးစိတ်ကိုရှင်းပြဖို့ သူက ငြင်းဆိုပါတယ်။ ဒီကိစ္စကို လေ့လာထားတဲ့ မြို့ခံတဦးကတော့ ထိမှန်သူဟာ အသက် ၂၄ နှစ်အရွယ် ဖားရွှေကျော်ရွာသူ မတင်နေဇာလင်းလို့ ပြောပါတယ်။

“မွန်းလွဲ ၂ နာရီ ညောင် ၃ ပင်ဆိုတဲ့ စခန်းအနီးမှာ ပေါင်းရှင်းနေတဲ့ ဖားရွှေကျော်ကျေးရွာက အဘဦးခင်မောင်မြင့်ရဲ့သမီးမတင်နေဇာလင်း ၂၄ နှစ်ရဲ့ ညာဘက်ခြေထောက်ကို ကျည်ဆံထိမှန်ပြီး ဖောက်ထွက်သွားတယ်လို့ပြောတယ်။”

တပ်ရင်းအရာရှိတွေက သေနတ်မှန်တဲ့ကိစ္စ အမှုမဖြစ်အောင် ဖားရွှေကျော်ရွာသူကြီးနဲ့ ပူးပေါင်းဖြေရှင်းလိုက်တယ်လို့ အဲဒီဒေသခံကပဲ ပြောပါတယ်။

“တပ်မှူးအပါအဝင် တပ်က အရာရှိတွေရောက်လာပြီးတော့ အဲဒီကလေးမကို ကျမကိုယ်တိုင်က မှားသွားပါတယ်ဆိုတဲ့ ခံဝန်ချက်မျိုးလက်မှတ်ထိုးခိုင်းသွားတယ်လို့ ပြောတယ်။ ဒီနေ့ ၁၁ နာရီ မတ်တင်းမှာ ကျနော်ကိုယ်တိုင် ပြည်သူ့ဆေးရုံရောက်သွားတော့ တပ်ရင်းမှူးကားရယ်၊ ဗျူဟာမှူးကားရယ် ရောက်လာပြီးတော့ အရာခံတယောက်က အပြင်ဈေးဆိုင်မှာ စာအိတ်တအိတ်ဝယ်တယ်။ ဒီစာအိတ်ထဲမှာ ပိုက်ဆံထည့်ပြီး ကလေးမလေးကို ကူညီထောက်ပံ့မယ်လို့ကျနော်တို့ထင်တယ်။ ကျနော်တို့လည်း ကလေးမနဲ့ ဝင်တွေ့ဖို့ကြိုးစားပေမယ့် တွေ့ခွင့်မရခဲ့ဘူး။”

ဒီသတင်း မပေါက်ကြားဖို့ ဆေးရုံအတွင်းအပြင်နဲ့ လူနာ အနီးဝန်းကျင်မှာ အာဏာပိုင်တွေက လုံခြုံရေးတင်းကျပ်ထားပါတယ်။ မတင်နေဇာလင်းဟာ သာယာဝတီပြည်သူ့ဆေးရုံမှာ အတွင်းလူနာအဖြစ် တက်ရောက်နေပြီး ဒီနေ့မှာ ဒဏ်ရာသက်သာလာပြီလို့ ဆေးရုံနဲ့နီးစပ်တဲ့အသိုင်းဝိုင်းက ပြောပါတယ်၊ မတင်နေဇာလင်း သေနတ်ထိတဲ့ကိစ္စကို အမှုမလုပ်တာနဲ့ပတ်သက်လို့ ရဲစခန်းက သိလျက်နဲ့ အမှုမဖွင့်တာဆိုပြီး အရပ်ထဲမှာ ဝေဖန်နေကြပါတယ်။ ဒီဝေဖန်ချက်နဲ့ ပတ်သက်ပြီး သာယာဝတီရဲစခန်း တာဝန်ကျရဲတဦးက ဒီကိစ္စကို မသိကြောင်း ဖြေဆိုပါတယ်။ ဒီသေနတ်ထိမှန်မှုနောက်ပိုင်း ဖားရွှေကျော်ရွာအုပ်စု ဆယ်စခန်းကျေးရွာနဲ့ ၅ မိုင်ပတ်ဝန်းကျင်မှာ မသွားလာကြဖို့ တပ်ရင်း ၃၅ က အမိန့်ထုတ်ထားပါတယ်။

# အဖွဲ့ချုပ် စီအီးစီတွေ့ခွင့်ရရန် တင်ပြ

**DVB | စက်တင်ဘာ ၂၁ ။** ။ နိုင်ငံအကျဉ်းသား လွှတ်ပေးစာရင်း ၁၁၉ ဦးထဲ မပါသေးတဲ့ အဖွဲ့ချုပ်ဒုဥက္ကဋ္ဌ ဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နဲ့ပါတီ ဗဟို အလုပ်အမှုဆောင်အဖွဲ့ကို တွေ့ခွင့်ပေးဖို့ အန်အယ်လ်ဒီက နအဖဥက္ကဋ္ဌကို စာရေးတောင်းဆိုလိုက်ပါတယ်။

လတ်တလော ဖြစ်ပေါ်ပြောင်းလဲနေတဲ့ နိုင်ငံရေးအခြေနေအရ ပါတီရဲ့မူဝါဒ၊ ရှေ့လုပ်ငန်းစဉ်တွေကို ပါတီဗဟိုခေါင်းဆောင်တွေအားလုံး မျက်နှာစုံညီတွေ့ဆုံဆွေးနွေးဖို့လိုနေတဲ့အတွက် တောင်းဆိုရတာဖြစ်တယ်လို့ ဦးဉာဏ်ဝင်းက ပြောပါတယ်။ ဒီလ ၁၆ ရက် နေ့မှာ စာရေးတင်ပြထားတာဖြစ်ပေမယ့် နအဖဘက်က အခုချိန်အထိ ဘာမှအကြောင်းပြန်ကြားခြင်း မရှိသေးဘူးလို့ ဦးဉာဏ်ဝင်းက ပြောပါတယ်။

“နိုင်ငံရေးအရ အရေးကြီးတဲ့အချိန် ဖြစ်တဲ့အတွက် အနာဂတ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ မူဝါဒလမ်းစဉ်တွေချမှတ်နိုင်ဖို့ တွေ့ဆုံခွင့်ပေးဖို့အကြောင်းပြချက်နဲ့ ၁၆ ရက်နေ့ ရက်စွဲနဲ့စာပို့ခဲ့ပါတယ်။ ဒါကို ပြန်ကြားရေးက သတင်းထုတ်ပြန်ထားပါတယ်။ နိုင်ငံရေးအခြေအနေ၊ ပါတီအခြေအနေပေါ်မှာ မူတည်ပြီး စီအီးစီ အဖွဲ့က တောင်းဆိုတာပါ။ အားလုံးအကျုံးဝင်မှာပါ။ စာထဲမှာ ရွေးကောက်ပွဲကိစ္စကို လုံးဝမန်းရှင်းလုပ်မထားပါဘူး။ အခုချိန်အထိ အကြောင်း ပြန်ချက်မရသေးပါဘူး။”

အကျယ်ချုပ်ကျခံနေရတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို သူရဲ့မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်းနဲ့ အဖွဲ့ချုပ် မနေ့ နေ့လည်ပိုင်းမှာ တွေ့ခွင့်ရတယ်လို့ ဦးဉာဏ်ဝင်းက ပြောပါတယ်။

“မနေ့က ဒေါက်တာတင်မျိုးဝင်းနဲ့ အဖွဲ့က ဒေါ်အောင်ဆန်းစုကြည်ကို ဆေးစစ်ခွင့်ရပါတယ်။ ၅ နာရီခွဲမှာ ကျနော်နဲ့ ဒေါက်တာတင်မျိုးဝင်းတွေ့တော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကျန်းမာရေးအခြေအနေကောင်းပါတယ်။ ဒါပေမယ့် သွေးပေါင်ချိန် နည်းနည်းကျနေတယ်လို့ ပြောပါတယ်။ ”

ဒါဟာ မေလ ၁၄ ရက်နေ့ ဒေါ်အောင်ဆန်းစုကြည်ကို စတင်ဖမ်းဆီးပြီး အင်းစိန်ထောင်ကို ခေါ်သွားတဲ့နေ့ကတည်းက ပထမဆုံးအကြိမ် မိသားစုဆရာဝန်ဒေါက်တာတင်မျိုးဝင်းနဲ့ ပြန်တွေ့ခွင့် ရတာဖြစ်ပါတယ်။

# နိုင်ငံရေးအကျဉ်းသား ၁၁၉ ဦး ပါဝင်

**DVB | စက်တင်ဘာ ၂၁ ။** ။ သောကြာနေ့မှာ စစ်အုပ်စုက ကြေညာလိုက်တဲ့ လွှတ်ပေးအကျဉ်းသား ၇၀၀၀ ကျော်ထဲမှာ နိုင်ငံရေးအကျဉ်းသား ၁၁၉ ဦး ပါဝင်တယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဒီနေ့ပြောပါတယ်။

သောကြာနေ့ကနေ တနင်္ဂနွေနေ့အထိ ၃ ရက်အတွင်း စုဆောင်းရသမျှ စာရင်းသာဖြစ်ပြီး စာရင်းမရသေးသူ နောက်ထပ်လွှတ်လာသူတွေ ရှိနိုင်တယ်လို့ ပါတီ ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းက ပြောပါတယ်။ ဒါပေမယ့် ဒီနေ့ပြန်လွှတ်လာသူတဦးမှ မကြားရသေးဘူးလို့ ဦးဉာဏ်ဝင်းက ပြောပါတယ်။

“ကျနော်တို့ တတ်နိုင်သမျှ ကြိုးစားပြုစုထားတဲ့ စာရင်းအရနိုင်ငံရေးအကျဉ်းသား အခုချိန်အထိ ၁၁၉ ဦး ရှိတဲ့အနက် ၃၉ ဦးက အန်အယ်လ်ဒီ အဖွဲ့ဝင်ဖြစ်ပါတယ်။ ကုလသမဂ္ဂက ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသား အားလုံးလွှတ်ပေးဖို့ လိုအပ်တယ်လို့ပြောထားတာကို ဆောင်ရွက်ပေးမယ့် သဘောမျိုး အာဏာပိုင်တွေက ပြန်ပြောထားတယ်လို့ကျနော်နားလည်တယ်။ အဲ့လိုမျိုး ဖြစ်လာဖို့က အဓိက ကျပါတယ်။ ၁၀၀ ကျော်၊ ၂၀၀ ကျော်နဲ့ ဘာမှ အကြောင်းမထူးပါဘူး။”

လွှတ်တော်ကိုယ်စားလှယ် ၃ ဦး၊ အန်အယ်လ်ဒီ ပါတီဝင် ၃၉ ဦးအပြင် ကျန်တဲ့လူတွေက တိုင်းရင်းသားပါတီတွေက လူငယ်တချို့၊ ကျောင်းသား တချို့၊ သံဃာတော်တချို့၊ သတင်းသမား ၄ ဦး၊ လူ့အခွင့်ရေးအဖွဲ့က ၁၀ ဦးနဲ့အရပ်သားတွေဖြစ်မယ်လို့ ယူဆရပါတယ်။ ဒါဟာ အရင်လွှတ်ပေးတုန်းကနဲ့ စာရင် နိုင်ငံရေးအကျဉ်းသားတိုးလာတယ်လို့ ဆိုနိုင်ကြောင်း၊ ဒါပေမယ့် အရေးကြီးနိုင်ငံရေးအကျဉ်းသားတွေဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်၊ ဦးခွန်ထွန်းဦး၊ ကိုမင်းကိုနိုင်၊ အရှင်ဂမ္ဘီရတို့ မပါသေးတဲ့အတွက် နိုင်ငံရေးတိုးတက်မှုရတဲ့အထိဖြစ်လာဖို့ မလွယ်သေးဘူးလို့ ဦးဉာဏ်ဝင်းက သုံးသပ်ပါတယ်။




# သတင်းတိုထွေထွေ ဖတ်စရာ က

ကျော်စံကျွေး

## အမေရိကန်ရပ်တည်ချက်ဒေါ်စုထောက်ခံ

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟီလာရီကလင်တန်က မြန်မာစစ်အာဏာပိုင်တွေနဲ့ တိုက်ရိုက်ဆက်ဆံမှုတွေလုပ်မယ်၊ ပြစ်ဒဏ်ခတ်အရေးယူမှုတွေကို အဓိကအားပြုမယ်လို့ဆိုတဲ့အနည်းငယ်ပြောင်းလဲလာတဲ့ရပ်တည်ချက်ကို ဒေါ်စုကထောက်ခံတယ်လို့ ပြောတဲ့အကြောင်း အဲန်အဲလ်ဒီအဖွဲ့ရဲ့ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက ဆိုပါတယ်။ **(REUTERS, 25.9.2009)**

## နယ်စပ်မတည်ငြိမ်မှု တရုတ်ပြစ်တင်

နအဖနဲ့ ကိုးကန့်တပ်ဖွဲ့တွေအကြား တိုက်ပွဲတွေဖြစ်ပွားလို့ တရုတ်–မြန်မာနယ်စပ်ဒေသမှာ မတည်မငြိမ်ဖြစ်ပြီး ဒုက္ခသည်တွေ တရုတ်နယ်ထဲထွက်ပြေးဝင်ရောက်လာလို့ တရုတ်အစိုးရဟာ နအဖစစ်ဗိုလ်ချုပ်တွေအပေါ် မကျေမနပ်ဖြစ်ခဲ့ပါတယ်။ မြန်မာ့ပြည်တွင်းရေးတရုတ်နယ်ထဲကူးလာလို့ပဲဖြစ်ပါတယ်။ တရုတ်လူမျိုးတွေအပေါ် နအဖရဲ့ဆက်ဆံပုံတွေနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံခြားရေးဌာနက နအဖသံတမန်တွေကိုခေါ်ပြီး သတိပေးခဲ့ပါတယ်။ (REUTERS, 25.9.2009)

## လူငယ်များ ဒေါ်စုနှင့်တွေ့ရန်တောင်းဆို

ပါတီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံနိုင်ရေး စီစဉ်ပေးရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လူငယ်ကိုယ်စားလှယ်များက ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အားတောင်းဆိုလိုက်ပါတယ်။ အဖွဲ့ချုပ်လူငယ်ကိုယ်စားလှယ် ၆၀ ခန့်တက်ရောက်ပြီး အခက်အခဲမျိုးစုံကြားကနေ တွေ့ဆုံဆွေးနွေးကြတာ အခုလို ပါတီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံလိုကြောင်း ဆုံးဖြတ်ခဲ့တာ ဖြစ်တယ်လို့ဆိုပါတယ်။**(MIZZIMA, 25.9.2009)**

## ၅၀၀၀ တန်

နအဖက ကျပ် ၅၀၀၀ တန်ငွေစက္ကူသစ်ကို အောက်တိုဘာ ၁ ရက်နေ့ကစပြီး ထုတ်ဝေမယ်လို့ပြောပါတယ်။ ထုံးစံအတိုင်း ဘာကြောင့်ထုတ်ဝေရသလဲဆိုတာကိုတော့ မပြောပါဘူး။ ဒါပေမဲ့လည်း လက်ရှိအမြင့်ဆုံးငွေစက္ကူ ကျပ် ၁၀၀၀ တန်ထက် ကိန်းဂဏန်းပိုများတဲ့ငွေစက္ကူထုတ်တဲ့အတွက် ငွေတန်ဖိုးကျဆင်းမှာကတော့ သေချာပါတယ်။ **(CNN, 24.9.2009)**

## ထိုင်းအမဲဆီ မြန်မာပြည်ပို့မည်

မြန်မာနိုင်ငံက ဓာတ်ငွေ့တွေဝယ်နေတဲ့ ထိုင်းနိုင်ငံက PTT က ထိုင်းနိုင်ငံလုပ် အမဲဆီကို မြန်မာပြည်ကို တင်ပို့မယ်လို့ သိရပါတယ်။ တနှစ်ကို အမဲဆီ လီတာ ၅ သန်းနဲ့ ၅ နှစ်တင်ပို့ဖို့လျာထားပါတယ်။ **(THE NATION, 25.9.2009)**

## တစည က ရွေးကောက်ပွဲဝင်မယ်တဲ့

မဆလတဖြစ်လဲ တစည ပါတီဟာ စစ်အာဏာရှင်တွေရဲ့ ၂၀၁၀ ရွေးကောက်ပွဲကို ဝင်မယ်လို့ဆိုပါတယ်။ တစည မျိုးဆက်သစ် ၅၀၀ ရှိကြောင်းနဲ့ မဲဆန္ဒနယ် ၃၀၀ မှာ ဝင်ပြိုင်မယ်လို့ ဥက္ကဋ္ဌဦးခင်မောင်ကြီးက ပြောပါတယ်။ **(MIZZIMA, 25.9.2009)**

## ကိုရီးယားရုပ်ရှင်ပွဲတော်

တောင်ကိုရီးယားရုပ်ရှင်ပွဲတော်ကို ရန်ကုန်မှာ အောက်တိုဘာ ၁၆ ရက်ကနေ ၁၉ ရက်နေ့အထိ ကျင်းပမယ်လို့သိရပါတယ်။ နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်အရလို့ဆိုတဲ့ အဲဒီပွဲမှာ ရုပ်ရှင် ၄ ကားပြသမယ်လို့ဆိုပါတယ်။ ကိုရီးယားရုပ်ရှင်တွေ၊ တီဗွီဇာတ်လမ်းတွေ မြန်မာပြည်မှာ အရမ်းလူကြိုက်များနေပါတယ်။ (XINHUA, 24.9.2009)

## ဂျပန်ပေါ်လစီပြောင်းသင့်

အပြောင်းအလဲလုပ်ရမယ်ဆိုတဲ့ကြွေးကြော်သံနဲ့ အာဏာရလာတဲ့ ဝန်ကြီးချုပ်သစ် ယုကီအို ဟာတိုးယာမရဲ့အစိုးရအနေနဲ့ ဂျပန်ကထားရှိတဲ့မြန်မာပြည်ဆိုင်ရာ ပေါ်လစီကို ပြောင်းလဲသင့်တယ်လို့ လူ့အခွင့်အရေးလှုပ်ရှားနေတဲ့အဖွဲ့ ၂ ဖွဲ့က Wall Street Journal မှာရေးသားလိုက်ပါတယ်။ ဂျပန်က ကျင့်သုံးခဲ့တဲ့ ရေတိုစီးပွားရေးအမြင်ကိုကြည့်ပြီး နိုင်ငံရေး၊ စီးပွားရေးဆက်ဆံမှုကို ပြောင်းလဲဖို့လိုတယ်ဆိုတာကို ရေးထားပါတယ်။ **(UPI, 24.9.2009)**

## တရုတ်နယ်ချဲ့ထားတဲ့ မိုးလားမြို့

ရှမ်းပြည်မြောက်ပိုင်း မိုးလားမြို့နေတရုတ်များသည် တရုတ်ငွေသုံး၊ တရုတ်စကားပြော၊ တရုတ်ဓလေ့အတိုင်းနေထိုင်ကြသည်၊ အိမ်နာမည်၊ လမ်းနာမည်၊ ဆိုင်နာမည်တွေလည်း တရုတ်စာဖြင့်ရေးသည်။ ဒါကြောင့် မြန်မာ့နယ်မြေကို တရုတ်က နယ်ချဲ့ထားပြီလော။ (Washington Post, 25.9.2009)

## ဗိုလ်ချုပ်မှူးကြီးထံပေးစာ

ဒေါ်အောင်ဆန်းစုကြည်က အနောက်နိုင်ငံတွေရဲ့ပြစ်ဒဏ်ခတ်အရေးယူမှုတွေ ရုပ်သိမ်းလာစေဖို့ စစ်အစိုးရနဲ့ပူးပေါင်းဆောင်ရွက်မှုတွေကို သူမအနေနဲ့ လုပ်ဆောင်နိုင်ပါတယ်လို့ အမေရိကန်က စစ်အုပ်စုနဲ့တိုက်ရိုက်ဆက်ဆံမယ်ဆိုတဲ့သဘောထားထွက်ပေါ်လာပြီးတဲ့နောက် အခုလိုစာရေးတာဖြစ်ပါတယ်။ ဘယ်နိုင်ငံတွေက ပြစ်ဒဏ်ခတ်သလဲ၊ ဘယ်လိုအကျိုးသက်ရောက်မှုရှိသလဲ၊ ဘာကြောင့်ပြစ်ဒဏ်ခတ်ရသလဲဆိုတာတွေကို ဆွေးနွေးမယ်လို့လည်း ရေးထားပါတယ်။ **(EARTH TIMES, 25.9.2009)**

# အဓမ္မခိုင်းလို့ စစ်သားမလုပ်ချင်တဲ့ ကလေးတွေကို စစ်တပ်မှ ပြစ်ဒဏ်ပေး

**DVB । စက်တင်ဘာ ၂၂॥** ॥ ပဲခူးတိုင်းအနောက်ခြမ်း မိုးညိုမြို့နယ် ကညင်ချောင် ကျေးရွာက မောင်ဇော်နိုင်ဝင်းနဲ့ မောင်သန်းထွန်းဦးတို့ဟာ အသက် ၁၈ နှစ် မပြည့်သေးဘဲ ကလေးစစ်သားအဖြစ် အတင်းအဓမ္မစုဆောင်းခံလိုက်ရပါတယ်။

သူတို့နှစ်ယောက် ပြန်လည်လွတ်မြောက်ရေး ဆောင်ကျဉ်းပေးဖို့ သူ့မိသားစုက ရန်ကုန်အခြေစိုက် ကမ္ဘာ့အလုပ်သမားရေးရာအဖွဲ့ချုပ် ဆက်ဆံရေးရုံးကို စာရေးသားတိုင်ကြားခဲ့ပါတယ်။ စစ်သားအဖြစ် စုဆောင်းခံရစဉ်က အသက် ၁၆ နှစ်ဝန်းကျင်သာရှိကြသေးတဲ့ မောင်ဇော်နိုင်ဝင်းနဲ့ မောင်သန်းထွန်းဦးတို့ ညီအကိုဝမ်းကွဲဟာ မိဘတွေနဲ့ခွဲပြီး အလုပ်လုပ်ရာအပြန် ဘူတာရုံမှာ စစ်တပ်ထဲ အဓမ္မသွပ်သွင်းခံလိုက်ရတာပါ။ ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ်က လက်ဖက်ရည်ဆိုင်မှာ သွားအလုပ်လုပ်တဲ့ သူတို့နှစ်ဦးဟာ အဆင်မပြေလို့ ၂၀၀၈ ဇွန်လက ရန်ကုန်ကနေ မိဘတွေထံ ပြန်အလာ ကြည့်မြင်တိုင် ဘူတာမှာ စစ်သားစုဆောင်းခံလိုက်ရတာလို့ မောင်ဇော်နိုင်ဝင်းရဲ့ အမေဒေါ်ညိုက ပြောပါတယ်။

"ဖမ်းပြီး ရိုက်ပုတ်ခေါ်သွားတဲ့အချိန်မှာ သံလျင် ၃၃ ထဲကို တပ်ကြပ်စိုးနိုင်က လက်မှတ်ထိုးပြီး ထည့်ပေးလိုက်တာ။"

သူတို့နှစ်ဦးကို ရေတပ် ပင်မပစ္စည်းထိန်းသိမ်းရေးတပ်ကို သွင်းလိုက်ပြီးနောက် သင်တန်းဆင်းပြီး ခွင့် ၁၀ ရက်ရလို့ ဒီနှစ် ဇန်နဝါရီလကုန် အိမ်ပြန်ရောက်လာမှ စစ်တပ်ထဲရောက်မှန်းသိရတာလို့ ဒေါ်ညိုက ပြောပါတယ်။ သားနဲ့တူ ပျောက်ကတည်းက ဆင်းရဲပေမယ့် ရှိတာကို အကုန်ရောင်းပြီး နေရာအနှံ့လိုက်ရှာခဲ့တယ်လို့ ဒေါ်ညိုက ပြောပါတယ်။ သားက တပ်ထဲ ပြန်မသွားချင်ဘူးဆိုတာကြောင့် သားစစ်တပ်ထဲ မပြန်ရရေး အမျိုးမျိုးကြိုးပမ်းခဲ့ပေမယ့် အဆင်မပြေခဲ့ဘူးလို့ ဒေါ်ညိုက ပြောပါတယ်။

"စစ်တပ် ဖိနှိပ်ချုပ်ချယ်တဲ့ဒဏ်ကိုမခံနိုင်လို့ မပြန်ဘူး။ ကျမသား ဇော်နိုင်ဝင်းကို မဖမ်းခင် တပ်ရင်းက လိုက်လာသေးတယ်။ တပ်ထဲကို ပြန်ထည့်ဖို့ အကြိမ်ကြိမ်ပြောပါသေးတယ်။ ကျမကလည်း ကလေးအသက်မပြည့်တာရယ်၊ မိဘသဘောမတူတဲ့အတွက်ရယ်၊ ကလေးတွေက ၈ တန်း မအောင်တဲ့အတွက် ငြင်းခဲ့ပါတယ်။ နောက် နယ်မြေခံ ဒုရဲအုပ်မြင့်ဇော်နဲ့ ရယကစာရေးက ကျမတို့ကို ၂ သိန်းတောင်းတယ်။ ကျမတို့ ဘယ်လိုမှမပေးနိုင်ခဲ့ပါဘူး။ နောက် ၂ လ အလိုလောက်မှာ ဒုရဲအုပ် မြင့်ဇော်ကိုယ်တိုင် ၇ သောင်းလာတောင်းတယ်။ ကျမ မပေးနိုင်တော့ သားကို ည ၁ ချက်တီးမှာ လာဖမ်းသွားပါတယ်။"

မောင်ဇော်နိုင်ဝင်းဟာ နယ်မြေခံတပ်ကို ဖမ်းပို့ခံရပြီးနောက် ၁၅ ချက် အရိုက်ခံခဲ့ရတယ်လို့လည်း ပြောပါတယ်။ စစ်တပ်ထဲမနေလို့ ထောင်ချမယ်ဆိုရင် ချပါလို့ ကလေးကသဘောတူခဲ့ပေမယ့် ထောင်မချဘဲ တပ်ထဲကိုပဲပြန်သွင်းခဲ့တယ်လို့ ဒေါ်ညိုက ပြောပါတယ်။ တူဖြစ်သူ မောင်သန်းထွန်းဦးကိုတော့ ပြစ်ဒဏ် ၆ လနဲ့ ရွှေပြည်သာစက်မှုဇုံ လှော်ကားအကျဉ်းထောင်မှာ ချထားတယ်လို့ပြောပါတယ်။ ဒေါ်ညိုက သားနဲ့တူ စစ်တပ်ထဲအသွင်းခံရတာ မကျေနပ်လို့ လမ်းပြကြယ်အဖွဲ့က ဦးအေးမြင့်ကို အကူအညီတောင်းပြီ ရန်ကုန်အခြေစိုက် ကမ္ဘာ့အလုပ်သမားရေးရာအဖွဲ့ချုပ် ဆက်ဆံရေးရုံးကို တိုင်ကြားခဲ့ပါတယ်။ မနေ့က သွားရောက်တိုင်ကြားပေးခဲ့တဲ့ လမ်းပြကြယ်အဖွဲ့ခေါင်းဆောင်ဦးအေးမြင့်က မြန်မာနိုင်ငံမှာ ကလေးစစ်သားစုဆောင်းမှုဟာ ပြည်တွင်းလူကုန်ကူးမှုဖြစ်တာကြောင့် တပ်မတော်မှာ တာဝန်ရှိတယ်လို့ ဦးအေးမြင့်က ပြောပါတယ်။

"မြန်မာပြည်မှာ ကလေးစစ်သားက ရိုးရိုးကလေးစစ်သားတောင်မဟုတ်တော့ဘူး။ ကျနော်တို့ဆီမှာ လူကုန်ကူးတယ်ဆိုတာ နိုင်ငံခြားကိုပို့မှ လူကုန်ကူးတယ်လို့ သတ်မှတ်ခဲ့သလို အခုကျတော့ ၁၈ နှစ်မပြည့်တဲ့ သားယောကျ်ားလေးတွေ လူကုန်ကူးခံနေရပြီ။ အနာဂတ်ရဲ့ သားကောင်းတွေပါဆိုတဲ့ဆောင်ပုဒ် ဘယ်ရောက်နေလဲမသိဘူး။ ဒီတော့ တပ်မတော်အနေနဲ့ ဒီကလေးတွေကို ပြန်လွှတ်ပေးသင့်ပြီလို့ လမ်းပြကြယ်အဖွဲ့က ယူဆတယ်။"

ဒီကိစ္စနဲ့ပတ်သက်ပြီး သက်ဆိုင်ရာ စစ်သားစုဆောင်းရေးဌာနကို ဆက်သွယ်ဖို့ အဆင်မပြေသလို ကလေးစစ်သားနှစ်ဦးအတွက် တိုင်ကြားစာနဲ့ပတ်သက်ပြီး ရန်ကုန်အခြေစိုက် ကမ္ဘာ့အလုပ်သမားရုံးကို အကြိမ်ကြိမ်ဆက်သွယ်ပေမယ့် တာဝန်ခံဖြေဆိုမယ့်သူ မအားလပ်ဘူးလို့သာ ပြောပါတယ်။

# ကိုးကန့်တိုက်မှု ပြည်သူများကန့်ကွက်

**DVB । စက်တင်ဘာ ၂၁॥** ॥ အရှေ့မြောက်ဒေသက ကိုးကန့်တိုင်းရင်းသားတွေအပေါ် အကြမ်းဖက်တိုက်ခိုက်ခြင်းနဲ့ ၂၀၀၈ ဖွဲ့စည်းပုံကို အတင်းအကျပ်အကောင်ထည်ဖော်ဖို့ ကြိုးစားနေခြင်းကို အပြင်းထန်ကန့်ကွက်ကြောင်း ကျောင်းသားနဲ့ သံဃာအဖွဲ့ တွေက နအဖကို ပြောဆိုလိုက်ပါတယ်။

ဒါဟာ ကိုးကန့် ပြဿနာအပေါ် ရန်ကုန်အခြေစိုက် အဓိကနိုင်ငံရေးအင်အားစုတွေဖြစ်တဲ့ ၈၈ မျိုးဆက်ကျောင်းသားများ၊ ဗကသ၊ ရဟန်းပျိုသမဂ္ဂနဲ့ သံဃာ့သမ္မဂ္ဂီတို့က ပထမဆုံးအကြိမ် တရားဝင်ထွက်ပေါ်လာတဲ့ ကန့်ကွက်မှုဖြစ်ပါတယ်။ ကိုးကန့်အပေါ် တိုက်ခိုက်ခြင်းဟာ နှစ် ၂၀ ကြာ ငြိမ်းချမ်းရေးကို ဖျက်ဆီးရာရောက်တဲ့အပြင် ၂၀၀၈ ဖွဲ့စည်းပုံကို အတင်းအကျပ်အကောင်အထည်ဖော်တဲ့ သဘောမျိုးဖြစ်နေတယ်၊ တိုင်းရင်းသားတွေရဲ့ တန်းတူရေးတွေ ပါဝင်အောင် ၂၀၀၈ ဖွဲ့စည်းပုံကို ပြန်ပြင်ရေးဆွေးနွေးဖို့လိုနေတယ်လို့ အဲဒီအဖွဲ့ ၄ ခုကထောက်ပြထားပါတယ်။ တချိန်တည်းမှာပဲ ၂၀၀၈ ဖွဲ့စည်းပုံကန့်ကွက်တဲ့ လူငယ်တွေကို နိုင်ငံတဝှမ်းမှာ ဖမ်းဆီးမှုတွေကိုတိုးပြီး လုပ်လာနေတယ်။

ဒါကြောင့် ၂၀၀၈ ဖွဲ့စည်းပုံအား တဖက်သတ် အကောင်ထည်ဖော်ခြင်းအားရပ်တန့်ပါ၊ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် တိုင်းရင်းသားခေါင်းဆောင်တွေ၊ ကျောင်းသားခေါင်းဆောင်တွေ၊ သံဃာ့ ခေါင်းဆောင်တွေ အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးပါ၊ အမြန်ဆုံးတွေ့ဆုံ ဆွေးနွေးမှုလုပ်ပါ၊ ဒီလိုဖြစ်လာစေဖို့အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီနဲ့ နိုင်ငံတကာအသိုင်းဝိုင်းက ဝိုင်းဝန်းကူညီကြဖို့ ကျောင်းသားနဲ့သံဃာ ပူးတွဲကြေညာချက်မှာ ဖော်ပြထားပါတယ်။ အဲ့ဒီတောတွင်း ကိုးကန့်ဌာနချုပ် လောက်ကိုင်ကရတဲ့ သတင်းတရပ်အရ ဖုန်ကျားရှင်ဦးဆောင်တဲ့ အဖွဲ့ကို စစ်ဆင်ရေးလုပ်ရာမှာ အစိုးရဘက်က ထိခိုက်ကျဆုံးမှုများပြီး ဖုန်ကျားရှင်ကိုလည်း အခုချိန်ထိ ဖမ်းမသိသေးတဲ့အတွက် ဒေသခံ စစ်ဗျူဟာမှူးကို နအဖက ဖမ်းဆီးလိုက်ကြောင်း သိရပါတယ်။

လောက်ကိုင်အခြေစိုက် ဒကစ စစ်ဒေသကွပ်ကဲမှု ဌာနချုပ်တာဝန်ခံ ဗိုလ်မှူးချုပ်ဝင်းမောင်အား ပြီးခဲ့တဲ့သတင်းပတ်အတွင်းကဖမ်းဆီးပြီး သူနေရာကို အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိုင်းမှူးဗိုလ်မှူးချုပ်လှမြင့်နဲ့ အစားထိုး ခန့်အပ်ထားတယ်လို့ နယ်စပ်သတင်းရပ်ကွက်တွေက ပြောဆိုနေကြပေမယ့် နအဖဘက်က ထုတ်ဖော်ပြောဆိုခြင်း မရှိသေးပါဘူး။

# တက်ကြွလှုပ်ရှားသူ ၄ ဦး ဖမ်းဆီးခံရ

**DVB । စက်တင်ဘာ ၂၂॥** ॥ မန္တလေးတိုင်း မြင်းခြံမြို့ အာဏာပိုင်တွေက မြို့က တက်ကြွလှုပ်ရှားသူ ၄ ဦးကို မနေ့မနက် ၂ နာရီခွဲလောက်မှာ နေအိမ်တွေမှာ ဝင်ရောက်ဖမ်းဆီး ခေါ်ဆောင်သွားတယ်လို့ မြို့ခံတွေက ပြောပါတယ်။

ဖမ်းဆီးခံရသူတွေက အမှတ် ၆ ရပ်ကွက်က ကိုနိုင်နဲ့ကိုအောင်တို့ ဖြစ်တယ်လို့ သိရပြီး ကျန် ၂ ဦးအမည်ကို မသိရသေးပါဘူး။ သူတို့ ၄ ဦးကို အာဏာပိုင်တွေက ညှော်စာရင်းစစ်မယ်လို့ အကြောင်းပြပြီး သူတို့အိမ်တွေကနေ ခေါ်သွားတာ အခုအထိဘယ်မှာရောက်နေမှန်းမသိဘူးလို့ မိသားစုဝင်တွေနဲ့ နီးစပ်သူတွေက ပြောပါတယ်။

သူတို့တတွေဟာ အသက် ၂၅ နှစ် ဝန်းကျင်အရွယ် ရှိကြပြီး ရပ်ရွာက အခမဲ့ ပညာရေးလုပ်ငန်းလို လူမှုရေးလုပ်ငန်းတွေနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားလွတ်ရေး ဆုတောင်းပွဲတွေမှာ တက်တက်ကြွကြွပါဝင်လုပ်ဆောင်သူတွေဖြစ်ပြီး ဘယ်နိုင်ငံရေးပါတီမှ ဝင်ရောက်သူတွေ မဟုတ်ဘူးလို့ဆိုပါတယ်။ သူတို့ကို ဖမ်းဆီးမှု မတိုင်ခင်ကလည်း မြင်းခြံမြို့က ဒီမိုကရေစီရေး တက်ကြွသူ ၅ ဦးနဲ့ သံဃာ ၄ ပါးကို ဖမ်းဆီးခဲ့တာကြောင့် အခုဖမ်းဆီးမှုဟာ ဆယ်ရက်အတွင်း တတိယမြောက် ဖမ်းဆီးမှုဖြစ်ပါတယ်။

# အိုင်အယ်လ်အိုထံ ကူညီတိုင်ကြားသူကို ထောင်ဒဏ် ၂ နှစ် ချမှတ်

**DVB၊ စက်တင်ဘာ ၂၄။** ။ မကွေးတိုင်း အောင်လံမြို့နယ်မှာ အာဏာပိုင်တွေ လယ်ယာသိမ်းမှုမှာ နစ်နာဆုံးရှုံးတဲ့ လယ်မားတွေအတွက် အိုင်အယ်လ်အိုထံ ကူညီတိုင်တန်းပေးသူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးအေးမြင့်ကို ဒီနေ့ ထောင် ၂ နှစ်ချလိုက်ပါတယ်။

ဦးအေးမြင့်ကို ၁၇ ရက်နေ့က အောင်လံမြို့နယ်တရားရုံးမှာ ရုံးတင်တရားစွဲပြီး ၃၀ ရက်လို့ ထပ်ချိန်းပေမယ့် မနေ့က ကတိုက်ကရိုက်ခေါ်ပြီး ထပ်မံစစ်ဆေးခဲ့တာပါ။ ဒီနေ့မှာ ထပ်မံရုံးချိန်းခေါ်လိုက်ပြီး ပြည်သူ့ဝန်ထမ်း ငြိမ်းခြောက်မှု ပုဒ်မ ၁၈၉ နဲ့ အောင်လံမြို့နယ် တရားရုံးက ၂ နှစ် ထောင်ချလိုက်ပါတယ်။ မြို့နယ်တရားသူကြီး ဦးဝင်းမြင့်နဲ့ ဥပဒေအရာရှိ ဦးထွန်းမြင့်တို့က ဦးအေးမြင့်ကို ထောင်ဒဏ်ချမှတ်လိုက်ပြီး သရက်မြို့ အကျဉ်းထောင်ကို ရဲအင်အား ဖ ယောက်နဲ့ချက်ချင်းပို့လိုက်တယ်လို့ မိသားစုဝင်တဦးက ပြောပါတယ်။

"သူ ဒီနေ့ တရားသူကြီးကို လျှောက်လဲတယ်။ ဒီကိစ္စက ငြိမ်းခြောက်ရာ မရောက်ဘူး၊ နစ်နာရာလည်း မရောက်ဘူးလို့ သူလျှောက်လဲပါတယ်။"

အခု အောင်လံရဲစခန်းမှာ ဖမ်းထားတဲ့ တံပိုးကျေးရွာအုပ်စုက တောင်သူ ဦးဉာဏ်မြင့်တို့သားအဖကို သစ်တောအရာရှိက တရားစွဲထားတဲ့အပေါ် ILO ကိုတိုင်ကြားမယ့်အကြောင်း တောအုပ်ကြီးဦးဘုန်းအောင်ပိုင်တဲ့ ပန်းစကြာ လက်ဖက်ရည်ဆိုင်မှာ ဦးအေးမြင့်က သွားရောက်ညှိနှိုင်းခဲ့တာဖြစ်ပါတယ်။ ဒါကို အာဏာပိုင်တွေက အမှုလုပ်ပြီး ဒီအမှုမှာတောအုပ်ကြီး ဦးဘုန်းအောင်အစား သစ်တောဦးစီးမှူးဦးအောင်ဆန်းနဲ့ တရားလိုလုပ်တရားစွဲတာဖြစ်ပါတယ်။ ဦးအေးမြင့်ကို ထောင်ဒဏ်ချမှတ်ချိန်မှာ အာဏာပိုင်တွေနဲ့လယ်သမားတွေ ပြဿနာဖြစ်နေတဲ့ စမ်းကလေးကျေးရွာက မြေယာပိုင်ဆိုင်မှုနဲ့ပတ်သက်ပြီး ရန်ကုန် ILO ရုံးခွဲက အရာရှိ စတီဗ်မာရှယ် ရွာကိုရောက်နေချိန်လည်း ဖြစ်ပါတယ်။ ရဲစခန်းမှာ ဖမ်းထားတဲ့ ဦးဉာဏ်မြင့်နဲ့ ကိုသူရအောင်တို့ကို စတီဗ်မာရှယ်က သွားတွေ့ဖို့ ကြိုးစားပေမယ့် ညှော်ချိန်မဟုတ်လို့ ရဲမှူးက တွေ့ခွင့်မပေးဘူးလို့ အဲဒီ မိသားစုဝင်ကပြောပါတယ်။

"ခိုင်လုံတဲ့ အကြောင်းပြချက်မရှိဘဲ ကိုဉာဏ်မြင့်တို့သားအဖကို ဘယ်သူနဲ့မှ တွေ့ခွင့်မပေးဘူး။ ကိုဉာဏ်မြင့်တို့ သားအဖကို ယူကာလစ် ခုတ်တယ်ဆိုပြီး ဖမ်းထားတယ်။ ဖမ်းတဲ့ သက်သေခံပစ္စည်း ယူကာလစ်ပင်မှမရှိပဲ။ ဥပဒေအရ ဖမ်းထားခြင်းမျိုးမဟုတ်ဘဲ အထက်ကဖိအားပေးမှုကြောင့် ဖမ်းတာဖြစ်ပါတယ်။"

ILO အရာရှိ စတီဗ်မာရှယ်က လယ်သမားတွေကို စိတ်ဓာတ်မကျဖို့ အားပေးခဲ့တယ်လို့ သူကပြောပါတယ်။ ဒီအမှုမှာ ၁၉၉၃ ကတည်းက သစ်တောကြိုးဝိုင်းအဖြစ် အာဏာပိုင်တွေက သိမ်းယူခဲ့တဲ့ တောင်သူလယ်သမား ၁၀၈ ဦးရဲ့လယ်ယာမြေပြန်ရရေးအတွက် ၂၀၀၄ က ILO ကို တိုင်ကြားခဲ့တဲ့အမှု အမှတ် ဝ–၁ ဖြစ်ပါတယ်။ ဒီနေ့ ILO အမှုအမှတ် ဝ–ဖဖ ဖြစ်တဲ့ သကြားစက်ရုံဝန်ထမ်းတွေရဲ့တရားစွဲမှုကို ခံနေရတဲ့ စမ်းကလေးကျေးရွာက လယ်သမားဦးသန်းစိုး အပါအဝင် လယ်သမား ၁၃ ဦးအမှုမှာ မိသားစုဝင် ၃ ဦးကို အောင်လံတရားရုံးက ဒီနေ့ စစ်ဆေးဖို့ရုံးချိန်းထားပါတယ်။ ဦးသန်းစိုး သွေးတိုးနေလို့မလာနိုင်ကြောင်း ဆရာဝန်ဆီက ဆေးလက်မှတ်ထောက်ခံချက်ကို တရားရုံးဆီ ပေးပို့လိုက်တဲ့အတွက် ပုဂ္ဂလိကဆေးခန်းက ဆရာဝန်ထောက်ခံချက်ဆိုပြီး အာဏာပိုင်တွေက ပြဿနာရှာနေတယ်လို့ အောင်လံမြို့ခံတချို့က ပြောပါတယ်။

# အမေရိကန်ရဲ့ဆက်ဆံရေးမူ ဒေါ်စုကြိုဆို

**VOA၊ စက်တင်ဘာ ၂၄။** ။ မြန်မာ့အရေးနဲ့ပတ်သက်ပြီး အမေရိကန်ပြည်ထောင်စုအနေနဲ့ တဘက်ကစစ်အစိုးရနဲ့တိုက်ရိုက်ဆက်ဆံသွားမှာဖြစ်သလို တဘက်ကလည်း တားဆီးပိတ်ဆို့မှုနဲ့ ဆက်ပြီးတော့အရေးယူသွားမယ်ဆိုတာကို မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ကြိုဆိုလိုက်ပါတယ်။

တိုက်ရိုက်စကားပြောဆိုခြင်းဟာ ကောင်းတယ်လို့ယူဆကြောင်း ဒါပေမယ့်လည်း ထိတွေ့ဆက်ဆံတယ်ဆိုတာ တဘက်သတ်လုပ်ဆောင်လို့မရဘဲ အာဏာရှိတဲ့အစိုးရချည်းနဲ့ဘဲ ဆက်သွယ်လို့မရဘဲနဲ့ အတိုက်အခံတွေနဲ့လည်းတွေ့ဆုံဆွေးနွေးမှုဖြစ်မယ်လို့ ပြောလိုက်ကြောင်းကို ဒေါ်အောင်ဆန်းစုကြည်နဲ့သွားရောက်တွေ့ဆုံခဲ့တဲ့ အဲန်အဲယ်လ်ဒီပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းကပြောပါတယ်။

မြန်မာ့အရေးနဲ့ပတ်သက်ပြီးတော့ အမေရိကန်အစိုးရရဲ့ဒီလိုမျိုးပြောင်းလဲတဲ့မူဝါဒအကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ကုလသမဂ္ဂဌာနချုပ်မှာ မနေ့ကပြောဆိုလိုက်ပြီးတဲ့နောက် ဒေါ်အောင်ဆန်းစုကြည်က အခုလိုတုန့်ပြန်သွားတာဖြစ်ပါတယ်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမွန်း က မကာထပြုလုပ်ခဲ့တဲ့ မြန်မာ့မိတ်ဆွေနိုင်ငံများအစည်းအဝေးမှာ အမေရိကန်ပြည်ထောင်စုရဲ့ မြန်မာနိုင်ငံအပေါ်မှာထားရှိတဲ့မူဝါဒတွေကို ဝန်ကြီးဟီလာရီကလင်တန်က ထုတ်ဖော်ပြောဆိုခဲ့တာဖြစ်ပါတယ်။

ဒီလိုမျိုး အမေရိကန်ပြည်ထောင်စုရဲ့ မြန်မာနိုင်ငံပေါ်မှာပြောင်းလဲလာမယ့် သဘောထားနဲ့ပတ်သက်ပြီး ရန်ကုန်မြို့မှာရှိတဲ့ အမေရိကန်သံရုံးယာယီတာဝန်ခံက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးကိုသွားပြီး ရှင်းပြခဲ့ပါတယ်။ ဒီကနေ့သံရုံးအရာရှိတွေ လာရောက်ရှင်းပြချိန်မှာ အဲန်အဲယ်လ်ဒီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တွေ အားလုံးစုံညီခြင်းမရှိတဲ့အတွက် အမေရိကန်သံရုံးကရှင်းလင်းပြလာတာတွေကို ချက်ချင်းမတုန့်ပြန်လိုက်နိုင်ပေမယ့် မကြာခင်မှာတုန့်ပြန်နိုင်ဘို့အတွက် စီစဉ်နေတယ်လို့ အဲန်အဲယ်လ်ဒီပါတီရဲ့ပြန်ကြားရေးတာဝန်ခံတဦးဖြစ်တဲ့ ဦးအုန်းကြိုင်က VOA ကိုပြောပါတယ်။

မြန်မာစစ်အစိုးရအပေါ်ထားရှိတဲ့ အမေရိကန်အစိုးရရဲ့ မူဝါဒသဘောထားကို သမတ ဘားရက်ခ်အိုဘားမားအစိုးရတက်လာကတည်းက ပြန်လည်သုံးသပ်နေတာဖြစ်ပြီး အိုဘားမားအစိုးရအနေနဲ့ မြန်မာနိုင်ငံဆိုင်ရာမူဝါဒတွေကို အမြန်ဆုံးချမှတ်ဘို့ အများကစောင့်ဆိုင်းနေကြတဲ့အချိန်မှာဘဲ နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ရဲ့ ပြောဆိုချက်ထွက်ပေါ်လာတာပါ။

# ညီညီအောင်ကို ပုဒ်မမျိုးစုံနဲ့ တရားစွဲနိုင်

**DVB၊ စက်တင်ဘာ ၂၄။** ။ စက်တင်ဘာ ၃ ရက်နေ့က မင်္ဂလာဒုံလေဆိပ်မှာ အဖမ်းခံရတဲ့ ကိုညီညီအောင်ကို ဖောက်ခွဲရေးတွေစီစဉ်သူ၊ ပြည်တွင်းနိုင်ငံရေး လှုပ်ရှားသူတွေကို ငွေကြေးထောက်ပံ့သူ၊ ဆူပူမှုဖြစ်အောင်လှုံ့ဆော်သူ စတဲ့စွဲချက်တွေနဲ့အရေးယူသွားမယ်လို့ ဗုဒ္ဓဟူးနေ့ညပိုင်းက မြန်မာ့အသံသတင်းမှာ ကြေညာသွားပါတယ်။

ဒီနေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာလည်း စက်တင်ဘာက သိမ်းဆည်းရမိတဲ့ ဖောက်ခွဲရေးပစ္စည်းတွေ၊ ဆက်သွယ်ရေးပစ္စည်းတွေနဲ့အတူ ကိုညီညီအောင်ရဲ့သတင်းကို အသေးစိတ်ဖော်ပြထားပါတယ်။ သူဟာ ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနဲ့လူငယ်များတပ်မတော် AASYA နဲ့ ကျောင်းသားတပ်မတော် ABSDF တို့ရဲ့ အကြမ်းဖက်ဖောက်ခွဲမှုတွေနဲ့အတူ ပြည်တွင်းမှာ ဆူပူမှုတွေ အချိန်ကိုက်ဆောင်ရွက်နိုင်ဖို့ဝင်လာစဉ် လုံခြုံရေးတပ်ဖွဲ့က ဖမ်းဆီးလိုက်တာလို့ ဆိုပါတယ်။ ကိုညီညီအောင်ဟာ ၂၀၀၅ ကနေ ၂၀၀၉ အတွင်း မြန်မာနိုင်ငံကို ၈ ခေါက်ဝင်ရောက်ခဲ့တယ်လို့လည်း မြန်မာ့အလင်းသတင်းစာမှာ ရေးသားထားပါတယ်။ ဒီသတင်းနဲ့ပတ်သက်ပြီး ကိုညီညီအောင်ရဲ့ အဒေါ်ဖြစ်သူ ဒေါ်ခင်ခင်ဆွေက နောက်ဆုံးအခြေအနေကို ပြောပါတယ်။

"သံရုံးကို ဒီနေ့ အန်တီဖုန်းဆက်တော့ သူ့ကျန်းမာရေးကိုပဲ မေးတာ။ တွေ့ခွင့်တောင်းတယ်။ နည်းနည်း စောင့်ပါဦးတဲ့။ စောင် ခြင်ထောင်ရယ် အင်္ကျီ ၂ စုံလောက်ကို သံရုံးကတဆင့် ပို့ပေးပါလို့ သူပြောတယ်။ သူဟိုမှာ ဝတ်စရာ မရှိမှာစိုးလို့လေ။"

အမေရိကန်သံရုံးကို သွားတဲ့အခါမှာလည်း ဝင်ရထွက်ရတာတွေ ခက်ခဲကြောင်းနဲ့ သံရုံးကလည်း သူတို့ကိုယ်တိုင်တွေ့ဖို့ ကြိုးစားနေကြောင်းနဲ့ဖုန်းပဲဆက်ပါလို့ ပြောတယ်လို့ဆိုတဲ့အတွက် စိတ်ဆင်းရဲနေရတယ်လို့လည်း ဒေါ်ခင်ခင်ဆွေ ကပြောပါတယ်။

# ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးတို့နဲ့ တွေ့ဆုံခွင့်ရဖို့ အဖွဲ့ချုပ်တောင်းဆို

**RFA၊ စက်တင်ဘာ ၂၁။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အနာဂတ်နိုင်ငံရေးမူဝါဒတွေကို ဆွေးနွေးဆုံးဖြတ်နိုင်ဖို့ နေအိမ်အကျယ်ချုပ်ကျနေကြတဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးတင်ဦးတို့အပါအဝင် ပါတီအလုပ်အမှုဆောင်အဖွဲ့တွေ တွေ့ဆုံခွင့်ပေးဖို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဲန်အဲယ်လ်ဒီက တင်ပြတောင်းဆိုထားတယ်လို့ သိရပါတယ်။

အဲန်အဲယ်လ်ဒီအလုပ်အမှုဆောင်အဖွဲ့က စက်တင်ဘာလ ၁၆ ရက်နေ့နေ့စွဲနဲ့ စစ်အစိုးရအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆီကို စာရေးသားပေးပို့ထားတာဖြစ်တယ်လို့ ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက ဒီကနေ့မှာ RFA ကိုပြောပါတယ်။ "ပြီးခဲ့တဲ့ ၁၆ ရက်နေ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် CEC အဖွဲ့က ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆီကို စာတစောင်ပို့တယ်။ စာပါအကြောင်းအရာကတော့ နိုင်ငံရေးအရ အခုအချိန်မှာအရေးကြီးတယ်၊ အဖွဲ့ချုပ်ရဲ့အနာဂတ်မူဝါဒတွေချမှတ်ဖို့ အရေးကြီးတယ်၊ ဒါကြောင့် ဒေါ်အောင်ဆန်းစုကြည် ဦးတင်ဦးအပါအဝင် CEC တဖွဲ့လုံးတွေ့ခွင့် ကျနော်တို့တင်ပြထားတယ်၊ ၁၆ ရက်နေ့ရက်စွဲနဲ့တင်ပြထားတယ်။"

အခုလိုစာရေးတောင်းဆိုတာကို လက်ရှိအချိန်အထိ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့အာဏာပိုင်တွေဘက် တစုံတရာတုန့်ပြန်တာမရှိသေးဘူးလို့လည်း ဦးဉာဏ်ဝင်းကပြောပါတယ်။ စာထဲမှာ နိုင်ငံရေးအရ ပါတီအနာဂတ်မူဝါဒတွေဆွေးနွေးဖို့သာ ဖော်ပြထားပြီး အစိုးရကကျင်းပမယ့် ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲနဲ့ပတ်သက်လို့ တစုံတရာဖော်ပြမထားဘူးလို့လည်း ဦးဉာဏ်ဝင်းက ပြောပါတယ်။

ဒီအတောအတွင်းမှာ နေအိမ်အကျယ်ချုပ်ကျနေတဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ သူ့မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်းတို့ မနေ့ကတွေ့ဆုံခွင့်ရလိုက်တယ်လို့ သိရပါတယ်။ "ဆရာတင်မျိုးဝင်းနဲ့တွေ့ပါတယ်၊ ဆရာတင်မျိုးဝင်းပြောတာက ကျန်းမာရေးအခြေအနေ အကြမ်းမျဉ်းတော့ကောင်းပါတယ်တဲ့။ ဒါပေမယ့် သွေးပေါင်နည်းနည်းကျနေတဲ့၊ မနေ့ကပါ ဒါအခုအိမ်ကိုပြန်ရောက်ပြီးတဲ့နောက်ပိုင်းမှာ ဒါပထမဦးဆုံးအကြိမ်ပါ။"

ဒေါ်အောင်ဆန်းစုကြည်ကျန်းမာရေးစောင့်ရှောက်မှုနဲ့ပတ်သက်လို့ အာဏာပိုင်တွေက သီးသန့်ပုံမှာဆရာဝန်တဦးထားရှိဖို့ စီစဉ်ပေးခဲ့ပါတယ်။ ဒါပေမယ့် ဒေါက်တာတင်မျိုးဝင်းနဲ့သာပုံမှန်ကုသခွင့်ရဖို့ ဒေါ်အောင်ဆန်းစုကြည်ကတောင်းဆိုခဲ့ပါတယ်။ မနေ့က ဒေါက်တာတင်မျိုးဝင်းနဲ့တွေ့ဆုံခွင့်ရတာဟာ နေအိမ်အကျယ်ချုပ် ပြန်နေရပြီးကတည်းက ပထမဦးဆုံးဖြစ်ပြီး ပုံမှန်တွေ့ဆုံခွင့် ရ မရကိုတော့ မသိရသေးဘူးလို့ ဦးဉာဏ်ဝင်းက RFA ကိုပြောပြသွားပါတယ်။

---

# နအဖစစ်ခေါင်းဆောင်တွေကို အမှုဖွင့်တရားစွဲဆို

**RFA၊ စက်တင်ဘာ ၂၂။** ။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအပါအဝင် မြန်မာစစ်အစိုးရခေါင်းဆောင်တွေကို လူသားမဆန်တဲ့ရာဇဝတ်မှုများကျူးလွန်မှု Crime Against Humanity နဲ့ စပိန်နိုင်ငံတရားရုံးချုပ်မှာ လူ့အခွင့်အရေးအဖွဲ့တခုက အမှုဖွင့်တရားစွဲဆိုလိုက်ပါတယ်။

စပိန်နိုင်ငံ၊ တရားရုံးချုပ်မှာ ပြီးခဲ့တဲ့သောကြာနေ့က Burma Campaign Spain အဖွဲ့ရဲ့ ညွှန်ကြားရေးမှူး Ms.Concha Benos နဲ့အဖွဲ့ကနေ တရားလိုအဖြစ်နဲ့ အမှုဖွင့်တရားစွဲဆိုခဲ့တာဖြစ်ပါတယ်။ Ms.Concha က မြန်မာစစ်ခေါင်းဆောင်တွေကို နိုင်ငံတကာဥပဒေတွေအရ လူ့အခွင့်အရေး အပြင်းအထန်ချိုးဖောက်မှုတွေအတွက် တရားစွဲဆိုခဲ့တာဖြစ်ကြောင်း Ms.Concha က RFA ကို ပြောပြသွားတာပါ။

နိုင်ငံတကာ စစ်ရာဇဝတ်မှုခုံရုံး ICC နဲ့ နိုင်ငံတကာခုံရုံး ICJ တရားရုံးသို့ သူတို့အဖွဲ့က တင်ပြတရားစွဲဆိုတာဖြစ်ပါတယ်။ အခုလို နိုင်ငံတကာခုံရုံးတွေမှာ တရားစွဲဆိုနိုင်ဖို့ အဖွဲ့ဝင်နိုင်ငံတွေရဲ့ တရားရုံးချုပ်တွေကနေတဆင့် တင်ပြစွဲဆိုရတာဖြစ်ပါတယ်။ ချီလီနိုင်ငံက အာဏာရှင်သမတ ပီနိုရှေးတုန်းကလည်း စပိန်တရားရုံးကနေတဆင့် အခုလိုတရားစွဲဆိုခဲ့တာဖြစ်ပါတယ်။ သူအင်္ဂလန်ကိုသွားရောက်ဆေးကုသစဉ် ၁၉၉၈ ခုနှစ်၊ အောက်တိုဘာလထဲမှာ သူ့ကိုဖမ်းဆီးခဲ့ပါတယ်။

တချိန်တည်းမှာဘဲ မနက်ဖြန် စက်တင်ဘာလ ၂၃ ရက်နေ့မှာ ဝန်ကြီးဦးဘိုလှတင့်ဦးဆောင်တဲ့ အဝေးရောက်ညွန့်ပေါင်းအစိုးရ ကိုယ်စားလှယ်အဖွဲ့ဟာ စပိန်နိုင်ငံကိုရောက်ရှိမှာဖြစ်ပြီး စပိန် သမတအပါအဝင် အစိုးရတာဝန်ရှိသူတွေနဲ့ တွေ့ဆုံဖို့ရှိကြောင်း Ms.Concha က ပြောဆိုခဲ့ပါတယ်။

---

# ရေနံချောင်းငလျင် နေပြည်တော်မြေပြို

**DVB၊ စက်တင်ဘာ ၂၂။** ။ ဒီနေ့ မနက်လင်းအားကြီး ၂ နာရီဝန်းကျင်မှာ မြန်မာနိုင်ငံ အလယ်ပိုင်းနဲ့ အိန္ဒိယ ဘူတန်နိုင်ငံတွေမှာ ငလျင်လှုပ်ခတ်သွားခဲ့ကြောင်း သိရပါတယ်။

ဘူတန်ဘက်က ငလျင်ဟာ ရစ်ချက်တာစကေး ၆.၁ အထိပြင်းပြီး လူအသေပျောက် ၁၀ ကျော်အထိရှိတယ်လို့ အေဂျင်စီသတင်းတွေမှာ ဖော်ပြထားပေမယ့် မြန်မာနိုင်ငံဘက်မှာ အသေအပျောက်စာရင်း မကြားရသေးပါဘူး။ မကွေးတိုင်း ရေနံချောင်းမြို့နယ်မှ အုန်းဖြူတော သို့မဟုတ် အုတ်ဖြူတော်ကျေးရွာရှိ ၁၁ ရာစုကတည်းက တည်ထားကိုးကွယ်တဲ့ ရှေးဟောင်းစေတီ ၂ ဆူအပျက်စီးရှိခဲ့တယ်လို့ မိုးဇလဌာနအရာရှိတဦးက အေပီသတင်းဌာနကိုပြောပါတယ်၊ ဒီသတင်းကိစ္စနဲ့ပတ်သက်ပြီး ရေနံချောင်းမြို့ခံ အန်အယ်လ်ဒီ ခေါင်းဆောင်တဦး ဒေါ်ခင်စောဌေးက ပြောပါတယ်။

"ညက ၂ နာရီ ၈ မိနစ်မှာ ငလျင်လှုပ်တာ အန်တီတို့နှစ်ထပ်တိုက်ကြီးကို လှုပ်သွားတာ ကုတင်တွေတောင် လှုပ်သွားတယ်။ ၁၀ မိနစ်လောက် ကြာမယ်ထင်တယ်။ လွတ်လာတဲ့ နိုင်ငံရေးအကျဉ်းသားတဦးကို ဂုဏ်ပြုနေတာနဲ့ အဲ့ဒီကိစ္စကို သိပ်မလေ့လာနိုင်ဘူး။ အားလုံးကတော့ လန့်ကြတာပေါ့။ အတွေ့အကြုံအရ ဟိုးအရင်က ပုဂံဘုရားတွေ ပြိုတုန်းကလိုမျိုးလှုပ်တယ်။ ဗမာလူမျိုး အယူအဆအရ မင်းပြောင်းမင်းလဲဖြစ်မလား၊ တိုင်းပြည်ပျက်မလားဆိုတာတွေ ပြောကြတာပေါ့။"

**မိတ္ထီလာ၊ တမူးနဲ့ အိန္ဒိယနယ်စပ်ဘက်ရှိ တခြားမြို့တွေက ငလျင်လပ်ပြု သွားတာကို သိလိုက်ပေမယ့် ဘာမှအပျက်အစီးမရှိဘူးလို့ ဒေသခံတွေက ပြော ပါတယ်။ နအဖရဲ့ မြို့တော်သစ်နေပြည်တော် အရှေ့ဘက်ခြမ်းမှာ မိုးသဲမြေပြုဖြစ် တဲ့အတွက် ကျေးရွာငယ် ၁၅ ရွာနဲ့ စိုက်ခင်းဧက ၁၀၀၀ ခန့် ပျက်စီးသွားတယ် လို့ အဲလဗင်းဂျာနယ်ကို ကိုးကားပြီး ဆင်ဟွာသတင်းမှာဖော်ပြထားပါတယ်။ အဲ့ဒီ ၁၅ ရွာမှာ အိမ်ခြေ ၆၀၀ ကျော်ပျက်စီးခဲ့ပြီး ဒီဒေသကို သဘာဝဘေးသင့် ဒေသ အဖြစ် အစိုးရက သတ်မှတ်ထားကြောင်း၊ ပျက်စီးမှုဖြတ်နားဖိုး အမေရိကန်ဒေါ်လာ ၇ သိန်းကျော်ရှိမယ်လို့ အာဏာပိုင်တွေက ပြောကြောင်း ဖော်ပြထားပါတယ်။**

အဲ့ဒီဒေသ ပြန်လည်တည်ထောင်ရေးအတွက် ကမ္ဘာ့စားနပ်ရိက္ခာနဲ့ စိုက်ပျိုးရေးအဖွဲ့၊ မြန်မာ့ကြက်ခြေနီနဲ့ လူဝင်မှုကြီးကြပ်ရေးအဖွဲ့တွေက ကူညီနေတယ်လို့ဆိုပါတယ်။ ဒီသတင်းကို စစ်အုပ်စုဘက်က တရားဝင်သတင်းထုတ်ပြန်ခြင်းမရှိသေးပေမယ့် ဒီနေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာ နေပြည်တော်အရှေ့ဘက် တောင်ပေါ်ဒေသ ဆိပ်ဖူးတောင်ကျေးရွာမှ ပြည်သူများအား နေပြည်တော်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က လှူဖွယ်ပစ္စည်းများ ပေးအပ်ဆိုပြီး ဓာတ်ပုံနဲ့တကွဖော်ပြထားတာ တွေ့ရပါတယ်၊ နေပြည်တော်တိုင်းမှူး ပေးအပ်တဲ့ ပစ္စည်းတွေက ဆန်၊ ရေသွယ်ပိုက်နဲ့ လယ်ယာသုံးပစ္စည်းတွေဖြစ်တယ်လို့ မြန်မာ့အလင်းသတင်းစာမှာ ဖော်ပြထားပါတယ်။

# လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူ ကိုကျော်လွင် ပြန်လည်လွတ်မြောက်လာ

**DVB၊ စက်တင်ဘာ ၂၂။ ။** ၂၀၀၇ သင်္ကြန်အပြီး ဟင်္သာတအုတ်ပုံရွာမှာ ရိုက်နှက်ခံရသလို ထောင်ဒဏ် ၄ နှစ် ချခံထားရတဲ့ ကိုကျော်လွင်နဲ့ ကူညီသူ ရွာသား ၄ ဦး ဒီလ ၁၈ ရက်နေ့က ပြန်လွတ်လာပါတယ်။

ရွာသား ၄ ဦးက ဦးဝင်း၊ ဦးမြင့်၊ ဦးလှရှိန်နဲ့ ဦးမြစိန်တို့ ဖြစ်ပါတယ်။ ၂၀၀၇ သင်္ကြန်ပြီးစမှာ ဟင်္သာတအုတ်ပုံရွာကနေအထွက် ရဲတွေရှေ့မှာ ကြံ့ခိုင်ရေးအဖွဲ့ တာဝန်ရှိသူရဲ့ ခိုင်းစေရိုက်နှက်မှုကြောင့် ခေါင်းကွဲခဲ့ပြီး အာဏာပိုင်တွေက ထပ်မံတရားစွဲဆို ထောင်ချခံရတဲ့ လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူ ကိုမြင့်နိုင်က ထောင်ဒဏ် ၈ နှစ်ကျခံရမှာမို့ အခုပြန်လွတ်တဲ့အထဲမှာ မပါ ပါဘူး။ ပြန်လွတ်လာတဲ့ ဟင်္သာတမြို့ တလုပ်ထော်ကျေးရွာက လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူ ကိုကျော်လွင်နဲ့ ဆက်သွယ်မေးမြန်းချက်ကို ဖော်ပြလိုက်ပါတယ်။ ဟင်္သာတထောင်ကနေ ပြန်လွတ်တာ ဘယ်နှယောက်လဲ။

"ကျနော်အပါအဝင် အုတ်ပုံသား ၄ ယောက်နဲ့ ဆိုတော့ ၅ ယောက်ပေါ့။ ဟင်္သာတအပိုင် ဟင်္သာတထောင်မှာနေတဲ့သူက ၅ ယောက်။" ကျနော်တို့ကတော့ အိတ်ချ်အာဒီဘီကပါ။"

ကိုကျော်လွင်တို့ ဘာ့ကြောင့် ထောင်ကျတာလဲ၊ ဘယ် နှနှစ်လဲဆိုတာ ရှင်းပြပေးပါလား...

"၅၀၅–ခ၊ ၅၀၅–ဂ အဲဒီပုဒ်မ ၂ ခုနဲ့ စွဲချက်တင်ပြီး ၅၀၅–ခ နဲ့က ၂ နှစ်၊ ၅၀၅–ဂ နဲ့က ၂ နှစ်၊ သီးခြား ၂ နှစ်စီ ၄ နှစ်ကျခံစေဆိုပြီး အမိန့်ချအပြစ်ပေးလိုက်တာ။ အခု ကျဉ်း ၄၀၁ နဲ့ လွှတ်ပေးလိုက်တာ။"

၂၀၀၇ သင်္ကြန်ပြီးတာနဲ့ ကိုကျော်လွင်တို့ကိစ္စ ဖြစ်တာပဲနော်...

"ကျနော်တို့ကို စ ချုပ်တာက ၂၀၀၇ မေ ၂ ရက်နေ့။ အမိန့်ချတာ ၇ လပိုင်း ၂၄ ရက်နေ့။"

ကိုကျော်လွင်တို့ အုတ်ပုံရွာမှာ ရိုက်မှုဖြစ်တာက ကိုကျော်လွင်တို့ အရိုက်ခံရတာ မဟုတ်လား။ ဘယ်လိုဖြစ်လို့ ထောင်ကျတာလဲဆိုတာ ရှင်းပြပေးပါလား။

"ထောင်ချတဲ့ လူတွေအပေါ်မှာပဲ မူတည်လိမ့်မယ်။ ကျနော်တို့ကို ထောင်ထဲ ထည့်ထားမှ ကြောက်လန့်သွားမယ် ဆိုတာကတော့ သူတို့ဘက်က အပိုင်းပေါ့။ ဘာကြောက်တာလဲဆိုတာက ကာယကံရှင်တွေသာ အသိဆုံးဖြစ်မယ်ဗျ။ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူဆိုတာက လူ့အခွင့်အရေး ချိုးဖောက်ခံရတဲ့သူတွေကို ကျနော်တို့က တရားဥပဒေဘောင်အတွင်းက ဘယ်လိုရပ်တည်ပါ၊ ဘယ်လိုနေထိုင်ပါ၊ ဘယ်လို ကျင့်ကြံပါဆိုတာမျိုးနဲ့ လုပ်တယ်။ အဲလိုလူတွေကို ဥပဒေချိုးဖောက်တဲ့သူတွေကို မီဒီယာတွေက ဆက်သွယ်မေးမြန်းလာရင် အဖြစ်မှန်တွေကိုတင်ပြတော့ မမှန်မကန် မတရားလုပ်ထားတဲ့လူတွေအားလုံးက သူတို့တွေရဲ့ မမှန်မကန်လုပ်ရပ်တွေကို ကမ္ဘာသိဖြစ်သွားတာကို မကျေနပ်လို့ ကျနော်တို့ကို လုပ်ကြံထောင်ချတယ်လို့ ကျနော်တို့ ယူဆထားတာပဲ။"

ကိုကျော်လွင်တို့ လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူတွေကို လူ့အခွင့်အရေး ချိုးဖောက်ခံရတာတွေကို လူသိရှင်ကြားဖြစ်အောင် မီဒီယာတွေနဲ့ ချိတ်ဆက်ပြောဆိုတာ၊ လူတွေ လူ့အခွင့်အရေးတိုးတက်မြင့်မားလာအောင် ကြိုးပမ်းတဲ့သူတွေကို ထောင်ချတယ်ဆိုတော့ နောက် ဒီလို လူ့အခွင့်အရေးကိစ္စတွေကို မလုပ်ရဲအောင် နောင်ကျဉ်သွားဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်တာလို့ မမှတ်ဘူးလား၊ ဘယ်လို ယူဆလဲ...

"အဲဒါလည်း ပါမယ်ထင်တယ်။ သူတို့က လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူတွေကို မြန်မာနိုင်ငံမှာ ပျောက်သွားအောင်လုပ်တာလည်းပါမယ်၊ လုပ်နေတဲ့သူတွေ အကုန်လုံးကိုလည်း ရပ်သွားအောင်ရယ်၊ ဆက်သွယ်တဲ့သူတွေကိုလည်း မဆက်သွယ်ရဲအောင်ဆိုတဲ့ ပုံစံမျိုးပေါ့။ ပြောရမယ်ဆိုရင် အုတ်ပုံရွာက လူတွေက လူ့အခွင့်အရေး ကာကွယ်မြှင့်တင်မှုလုပ်ငန်းနဲ့ ပတ်သက်တဲ့ အဓိကလူတွေ မဟုတ်ဘူး။ သူတို့က ဖိတ်ကြားပြီး ဟောပြောပွဲကို နားထောင်တဲ့သူတွေ။ နားထောင်တဲ့သူတွေ၊ ဖိတ်ကြားတဲ့သူတွေ ဧည့်ခံတဲ့သူတွေကို ဆွဲထည့်တာကြည့်ခြင်းအားဖြင့် ကျနော်နဲ့ ကိုမြင့်နိုင်က လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူဆိုတဲ့ ပုံစံမျိုးနဲ့ ရပ်တယ်။ ဒီတော့ ဒီနှစ်ယောက်နဲ့ ဟို ၄ ယောက်ကို တွဲပြီးချလိုက်ခြင်းအားဖြင့် နယ်မြေခံလူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူတွေကိုလည်းပဲ ဆက်ပြီး မပေါ်ပေါက်စေချင်တာတကြောင်း၊ အဲလိုလူတွေကို ဆက်သွယ်မယ့်သူတွေ မပေါ်ပေါက်စေချင်တဲ့အကြောင်းတွေကြောင့် ချတယ်လို့လည်း တမျိုးသတ်မှတ်လို့ရနေတာပဲ။ ပြည်ကို ဦးမြင့်အေးသွားတယ်။ ဦးမြင့်အေးကိုတော့ မဖမ်းဘူး။ လက်ခံတဲ့ ပြည်ကပုဂ္ဂိုလ်တွေကိုဖမ်းတယ်။ ဒါကြောင့် ခုနက သုံးသပ်ချက်မျိုးဖြစ်နိုင်တယ်လို့ပြောရမှာပဲ။"

ပြန်လွတ်လာတဲ့အပေါ်မှာ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူတယောက်အနေနဲ့ ဘာပြောချင်သေးလဲ။ ဝမ်းသာစကားဖြစ်မလား၊ ဘာပြောချင်သေးလဲ...

"တော်တော်ကြိုးစားရဦးမယ်။ ဘာဖြစ်လို့လဲဆိုတော့ တော်တော်များများက အခုအချိန်အထိတောင် ကိုယ့်ကိုယ်ကိုယ်ဘာမှန်းမသိဘူး။ ကိုယ့်နိုင်ငံရဲ့ ဦးတည်ချက် ဘယ်လိုသွားနေတယ်ဆိုတာကို မသိကြဘူး။ အဲလို မသိကြတာကို တဘက်က အခွင့်ကောင်းယူပြီးတော့ လိုသလို ပုံသွင်းနေကြတာပေါ့။ ကျနော်တို့က အဲဒါတွေကို နားလည်သွားအောင် အဓိကအင်အားရှိတဲ့ ပုဂ္ဂိုလ်တွေဟာ၊ အရေးပါတဲ့ ပုဂ္ဂိုလ်တွေဟာ ပြည်သူလူထုပါလား ဆိုတာသိအောင်အများကြီး ကြိုးစားရဦးမယ်။ ဒီစကားကလွဲလို့ ထွေထွေထူးထူးပြောစရာ မရှိသေးဘူးခင်ဗျ။"

## ဆန်ဆီပေးပြီး ရွေးကောက်ပွဲအတွက်စည်းရုံး

**RFA၊ စက်တင်ဘာ ၂၃။ ။** စစ်အစိုးရ စာတိုက်နဲ့ ကြေးနန်းဆက်သွယ်ရေးဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က မြစ်ကြီးနားမြို့နယ်၊ မြစ်ဆုံဒေသက အသင်းအဖွဲ့တွေကို ၂၀၁၀ ရွေးကောက်ပွဲအတွက် ပစ္စည်းလက်ဆောင်ပေးပြီးစည်းရုံးနေသလို မြစ်ဆုံစီမံကိန်းကို တာဝန်ယူဆောက်လုပ်နေတဲ့ အေရှဝေါကုမ္ပဏီက ဒေသခံတွေကိုလျော်ကြေးပေးမယ်လို့ ပြောတဲ့အကြောင်းစုံစမ်းသိရှိရပါတယ်။

မြစ်ကြီးနားမြို့နယ်၊ ရောဝတီမြစ်ဆုံရှိ သံဖရဲကျေးရွာကို စက်တင်ဘာ ၂၀ ရက်နေ့ တနင်္ဂနွေနေ့က ဆက်သွယ်ရေးဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် ရောက်သွားပြီး ဘာသာရေးအဖွဲ့၊ ရပ်မိရပ်ဖနဲ့ ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့တွေကိုတွေ့ဆုံပြီး ၂၀၁၀ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီးတော့ စည်းရုံးဟောပြောသွားတယ်လို့ ဒေသခံတယောက်က ပြောပါတယ်။ ဆက်သွယ်ရေးဝန်ကြီးကပြောတဲ့အထဲမှာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးတဲ့အခန်းကနေ ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့က အဓိကပါဝင်မယ့်အကြောင်းတွေ ဘဲပြောသွားပြီး အဲဒီနောက် အစည်းအဝေးတက်ရောက်လာတဲ့ အသင်းအဖွဲ့တ ဖွဲ့ကို ဆန်အိတ် ၃ အိတ်နဲ့ ၁၀ ပိဿာဝင်ဆီပုံးတပုံးစီ လက်ဆောင်ပေးတယ်လို့လည်း သိရပါတယ်။

ဒ့ါအပြင် ရောဝတီမြစ်ဆုံရေကာတာ ဆောက်လုပ်ရေးစီမံကိန်းမှာပါဝင်တဲ့ အေရှဝေါကုမ္ပဏီက တာဝန်ရှိသူတွေလည်း အဲဒီအစည်းအဝေးမှာပါဝင်ခဲ့ပါတယ်။ အဲဒီရေကာတာစီမံကိန်းကြောင့် ပျက်ဆီးဆုံးရှုံးတဲ့ အိမ်ခြံလယ်ယာမြေတွေကို အလျော်ပေးမယ်လို့လည်း ပြောခဲ့တယ်လို့ မြစ်ဆုံရေကာတာစီမံကိန်းနဲ့ပတ်သက်လို့ လေ့လာနေတဲ့ ကချင်လူမှုဖွံ့ဖြိုးရေးကွန်ယက်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝါကပြောပါတယ်။

မြစ်ဆုံရေကာတာကြောင့် ထိခိုက်ပျက်ဆီးနိုင်မယ့် ကျေးရွာ ၆၀ လောက်နဲ့ ဥယျာဉ်ခြံမြေတွေ၊ လယ်မြေတွေကိုလျောကြေးပေးဘို့ တိုင်းတာစစ်ဆေးနေတယ်လို့ သိရပါတယ်။ ဒါပေမယ့် ဘိုးဘေးစဉ်ဆက်ကတည်းက ပိုင်ဆိုင်တဲ့မြေယာတွေကို မှန်မှန်ကန်ကန်လျော်ကြေးပေးဘို့ အခက်အခဲတွေရှိနိုင်တယ်လို့လည်း ဦးအောင်ဝါက ပြောပါတယ်။

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်ဟာ ကချင်ပြည်နယ်သားဖြစ်ပြီး ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်မပြုခင်ကာလကလည်း မြစ်ကြီးနား၊ ဗန်းမော်နဲ့ တခြားမြို့တွေကိုသွားပြီး တယ်လီဖုန်းတွေချပေးပြီးတော့ စည်းရုံးခဲ့ပါတယ်။ ဒါပေမယ့် တကယ်တော့ အခုထိမရသေးဘူးလို့ ဗန်းမော်ဒေသခံတွေက ပြောပါတယ်။

# အကျဉ်းသားများ လွတ်မြောက်မှုအပေါ် အဖွဲ့ချုပ်က ကြေညာချက်ထုတ်ပြန်

**DVB၊ စက်တင်ဘာ ၂၃။** ။ နိုင်ငံရေးအကျဉ်းသား တရာကျော်အပါအဝင် အကျဉ်းသား ၇ ထောင်ကျော် လွတ်လာတာကို ကြိုဆိုကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဒီနေ့ အထူးကြေညာချက်ထုတ်ပြန် လိုက်ပါတယ်။

ကြေညာချက် အပြည့်အစုံကို အဖွဲ့ချုပ်ပြန်ကြားရေးအဖွဲ့ဝင် ဦးဦးအုန်းကြိုင်က ဖတ်ပြပါတယ်။

“၂၀၀၉ ခုနှစ် စက်တင်ဘာ ၁၇ ရက်နေ့တွင် နိုင်ငံရေးအကျဉ်းသား ၁၀၀ ကျော်အပါအဝင် နိုင်ငံသားအကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း ၇၁၁၄ ဦးတို့ဟာ အကျဉ်းထောင်အသီးသီးကနေ လွတ်မြောက်လာကြတဲ့အတွက် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က လိုက်လှဲစွာကြိုဆိုပါတယ်။”

“သို့သော်တွေ့ဆုံဆွေးနွေးရေးနဲ့ အမျိုးသားပြန်လည် သင့်မြတ်ရေးတို့အတွက် အစဉ်တစိုက်ပြန်လည် ကြိုးပမ်းနေသော အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးတင်ဦး၊ အထွေထွေ အတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အဖွဲ့ဝင်များ၊ တိုင်းရင်းသားလူမျိုးများ၊ ၈၈ မျိုးဆက်ကျောင်းသားများစတဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးကို ချွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးဖို့ တောင်းဆိုပါတယ်။”

“နောက်ပြန်လည်လွတ်မြောက်လာကြတဲ့ အဖွဲ့ချုပ်အဖွဲ့ဝင်များဟာလည်း မိမိတို့ကျန်းမာရေးအခြေအနေပေါ်မူတည်ပြီး လိုအပ်သည်များကို ဆောင်ရွက်ပြီးပါက မိမိတို့ရဲ့ မူလယုံကြည်ချက်ဖြစ်သော ဒီမိုကရေစီရေးနဲ့လူ့အခွင့်အရေးရရှိရန် ကြိုးပမ်းမှုတွင် ပြန်လည်တာဝန်ထမ်းဆောင်ကြပါရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တိုက်တွန်းကြောင်း ကြေညာလိုက်ပါတယ်လို့ ဖော်ပြထားပါတယ်။”

ဒီကြေညာချက်မှာ ဖော်ပြထားတဲ့ အဖွဲ့ချုပ်ဝင်တွေကို မူလတာဝန်တွေအတိုင်း ပြန်လည်တာဝန်ပေးအပ်တာနဲ့ ပတ်သက်လို့ ဦးအုန်းကြိုင်က ရှင်းပြပါတယ်။

“တာဝန်တွေ အပြည့်ပြန်ပြီး ပေးမှာပါ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ၁၉၈၉ ခုနှစ်ကတည်းက အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ထုတ်ပြန်ထားတဲ့ အမြဲတမ်းတည်မြဲ ညွှန်ကြားချက်အမိန့်ရှိပါတယ်။

“အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့အစည်းအဆင့်ဆင့်မှာ တာဝန်ထမ်းဆောင်နေတဲ့ အဖွဲ့ဝင်များဟာ အကြောင်းကြောင်းကြောင့် ထွက်ပြေးတိမ်းရှောင်နေရရင်ဖြစ်စေ၊ အကျဉ်းကျနေရင်ဖြစ်စေ၊ ထောင်ကျနေရင်ဖြစ်စေ၊ မိမိတို့ရဲ့ မူလတာဝန်မှာ ထမ်းဆောင်နေတယ်လို့ သတ်မှတ်ထားရမယ်။”

“သူတို့ရဲ့ မူလတာဝန်နေရာမှာ အခြား တာဝန်ယူမယ့်လူတွေကို ယာယီအားဖြင့် တာဝန်ပေးဆောင်ရွက်နိုင်ပေမယ့် သူတို့ရဲ့နေရာတွေမှာ အစားထိုးခန့်အပ်တာမျိုး၊ အစားထိုးတာဝန်ပေးအပ်တာမျိုးမလုပ်ရဘူးလို့ ညွှန်ကြားထားပါတယ်။ သူတို့ဟာ လက်ရှိ အသီးသီးအပြစ်ဒဏ်တွေ ကျခံပြီး ပြန်ရောက်လာတဲ့အခါမှာ မူလတာဝန်ပေးအပ်ထားတဲ့အတိုင်းရှိနေတယ်လို့ သတ်မှတ်ပြီးသားဖြစ်ပါတယ်။”

အဖွဲ့ချုပ်က ပြုစုထားတဲ့ စာရင်းအရ ဒီလ ၁၈ ရက်နေ့က လွတ်ပေးလိုက်တဲ့အကျဉ်းသား ၇ ထောင်ကျော်ထဲမှာ လွှတ်တော်ကိုယ်စားလှယ် ၃ ဦးအပါအဝင်အဖွဲ့ချုပ်ဝင် ၁၁၉ ဦး ပါဝင်တယ်လို့သိရပါတယ်။

# လောက်ကိုင်ရဲမှူးနေဝင်းကို မုံရွာသို့ပြောင်း

**DVB၊ စက်တင်ဘာ ၂၃။** ။ ပြီးခဲ့တဲ့လက တိုက်ပွဲတွေဖြစ်ပွားခဲ့တဲ့ အရှေ့မြောက်ဒေသ ကိုးကန့်နယ်မြေမှာ အခြေနေတွေ တည်ငြိမ်စပြုလာနေပေမယ့် ဒေသခံစစ်ဘက်အရာရှိတွေကို ဖမ်းဆီးမှု ပြောင်းရွှေ့မှုတွေ ဆက်ရှိနေဆဲလို့သိရပါတယ်။

လောက်ကိုင်အခြေစိုက် ဒုတစမှူး ဗိုလ်မှူးချုပ်ဝင်းမောင်ကို ပြီးခဲ့တဲ့သတင်းပတ်တွင်းက ဖမ်းဆီးလိုက်တယ်လို့ သတင်းတွေထွက်အပြီး ဒီနေ့မှာ လောက်ကိုင်ခရိုင် ရဲမှူးနေဝင်းအား မုံရွာခရိုင်ကို ပြောင်းလိုက်ကြောင်း သိရပါတယ်။

ဘာကြောင့် ဒီလို ဖမ်းဆီး၊ ပြောင်းရွှေ့မှုတွေ ဆက်တိုက်ဖြစ်နေသလဲဆိုတာ အတိအကျမသိနိုင်ပေမယ့် ဒါဟာ တိုက်ပွဲအတွင်း နအဖဘက်က အများအပြားကျဆုံးခြင်း၊ ဖုန်ကျားရှင်နဲ့ အဖွဲ့အား ဖမ်းမမိသေးခြင်းအပါဝင် ဖုန်ကျားရှင်တို့ဆီက ဒေသခံတပ်မှူး၊ ရဲမှူး၊ ခရိုင်မှူးတွေ အပါအဝင် နအဖအရာရှိ အတော်များများ လာဘ်စားမှုအများအပြား ကျူးလွန်ထားတဲ့အတွက်ဆိုပြီး နယ်စပ်သတင်းရပ်ကွက်တွေက တဆင့်သိရပါတယ်။ ဒီသတင်းတွေနဲ့ ပတ်သက်ပြီး နအဖဘက်က အခုချိန်ထိ ဘာမှထုတ်ပြောခြင်း မရှိသေးပါဘူး။

# ချင်းပြည်နယ်မှာ ကြွက်များပြန်ထွက်လာ

**DVB၊ စက်တင်ဘာ ၂၃။** ။ ချင်းပြည်နယ်မှာ လွန်ခဲ့တဲ့ နှစ် ၅၀ လောက်က ပေါ်ခဲ့တဲ့ ကြွက်တွေ ပြန်လည် ထွက်ပေါ်လာပြီး ကောက်ပဲသီးနှံတွေကို ဖျက်ဆီးလို့ စားနပ်ရိက္ခာပြတ်လပ်တာတွေရှိမယ်လို့ ဒေသခံများနဲ့ အကူအညီပေးရေးဝန်ထမ်းတွေက ပြောပါတယ်။

ကြွက်တွေဟာ သီးနှံတွေကို ဖျက်ဆီးတဲ့အတွက် သီးနှံထွက်နှုန်းထိခိုက်ပြီး မနှစ်ကလို စားနပ်ရိက္ခာပြတ်လပ်တာတွေ ရှိမယ်လို့ ချင်းပြည်နယ်က အကူညီပေးရေးလုပ်ငန်း လုပ်ကိုင်နေသူတဦးက ပြောပါတယ်။

“ဒီလမှာ တောင်ယာက သီးနှံတွေပေါ်ပြီ၊ လူးတို့ ဆပ်တို့ ရိတ်နေပြီ။ ထွက်နှုန်းကိုကြည့်မယ်ဆိုရင် တောင်သူလယ်သမားနဲ့ ကြွက်နဲ့အပြိုင် လုနေတဲ့အတွက်၊ အဖျက်အဆီးရှိတဲ့အတွက် မနှစ်က အခြေအနေတော့ ပြန်ဖြစ်မယ်။ ရိတ်သိမ်းပြီးရင် အောက်တိုဘာကနေ နောက်နှစ် ဇွန်လအတွင်း အခြေအနေပိုကောင်းဖို့ အလားအလာမရှိဘူး။”

ကြွက်တကောင်ကို လက်တဆုပ်စာ အရွယ်လောက်ရှိတဲ့ ကြွက်အုပ်တွေဟာ လွန်ခဲ့တဲ့နှစ် ၅၀ လောက်က ပေါ်လာဖူးပြီး ၂၀၀၇ က ပထမဆုံးအကြိမ်အဖြစ် ပြန်ပေါ်လာတယ်လို့ဆိုပါတယ်။ အထူးသဖြင့် အိန္ဒိယနယ်စပ်နဲ့ ဝါးပင်အပေါက်များတဲ့နေရာတွေမှာ ပိုပြီးတွေ့ရတယ်လို့ အဲဒီ အကူအညီပေးရေး ဝန်ထမ်းက ပြောပါတယ်။

“မတူပီမြို့နယ်၊ ထန်တလန် နဲ့ ဟားခါးမှာတော့ တွေ့ရပါတယ်။ အိန္ဒိယနဲ့ချင်းပြည်နယ်အစပ်မှာရှိတဲ့ ကြွက်ကို ဆွဲဆောင်မှုပေးတဲ့ ဟိုမုန်းဓာတ်အများဆုံးပေးတဲ့ ဝါးအများဆုံးပေါက်တဲ့နေရာတွေမှာ များတယ်။”

ကြွက်တွေဖျက်ဆီးလို့ချင်းပြည်နယ်မှာ စပါးကေ ၁,၇၀၀ နဲ့ နှံစားပြောင်းကေ ၁,၀၀၀ နီးပါးပျက်စီးခဲ့တယ်လို့ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့နဲ့ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် WFP အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ချင်းပြည်နယ် က လူဦးရေ ၄၇၀,၀၀၀ ကျော်အတွက် တနှစ်စားနပ်ရိက္ခာလိုအပ်ချက်က တန်ချိန် ၂၃,၀၀၀ ကျော်လိုအပ်တယ်လို့ သိရပါတယ်။ WFP ရန်ကုန်ရုံးခွဲက ပရိုဂရမ်အရာရှိ ဒေါ်ဆွေဆွေဝင်းက ချင်းပြည်နယ်မှာ ကြွက်ကြောင့်ဖြစ်တဲ့ စားနပ်ရိက္ခာအခက်အခဲကြောင့် WFP က စားနပ်ရိက္ခာထောက်ပံ့ပေးနေတယ်လို့ ပြောပါတယ်။ ချင်းပြည်နယ်မှာ စားနပ်ရိက္ခာအခက်အခဲရင်ဆိုင်နေရပေမယ့် ချင်းပြည်နယ် အေးချမ်းဖြိုးကောင်စီက ကျေးရွာတချို့မှာ ဆန်အိတ်တွေ လှူတာကလွဲရင် တခြားကူညီတာတွေ မရှိဘူးလို့ အဲဒီ အကူညီပေးရေးဝန်ထမ်းက ပြောပါတယ်။

“အစိုးရက ပစ္စည်းတွေဘာတွေ လှူတာမျိုးတော့ မရှိဘူး။ ဒါပေမယ့် ကျနော်တို့လုပ်တဲ့ ပရောဂျက်အားလုံးကို အနှောင့်အယှက်မပေးဘဲ လွတ်လွတ်လပ်လပ် လုပ်ပိုင်ခွင့်ပေးပါတယ်။”

# အမျိုးသား ရင်ကြားစေ့ရေးဆိုရာဝယ်

ခင်မမမျိုး

မြန်မာနိုင်ငံမှာ ရေပန်းအလွန်စားခဲ့တဲ့ စကားလုံးလေးတွေရှိပါတယ်။ နယ်ချဲ့ခေတ်ကရေပန်းစားခဲ့တဲ့ လုံးဝလွတ်လပ်ရေး၊ ဖယ်ဒရယ်ပြည်ထောင်စုအရေး၊ ဒိုင်ယာလော့ခ်၊ အမျိုးသားရင်ကြားစေ့ရေး ဝါ အမျိုးသားပြန်လည်သင့်မြတ်ရေး National Reconciliation စတဲ့ စကားလုံးလေးတွေပါ။

နယ်ချဲ့ခေတ်၊ လွတ်လပ်ရေးရပြီးခေတ်တွေက စကားလုံးလေးတွေကတော့ အချိန်အခါ အခြေအနေနဲ့ လျော်ညီစွာ ထွက်ပေါ်လာခဲ့တဲ့ စကားလုံးလေးတွေပါ။ စစ်အာဏာရှင်ခေတ်ရောက်တော့ ထွက်ပေါ်လာတဲ့စကားလုံးတွေက စကားလုံးအနေနဲ့ဆိုရင် အလွန်တန်ဘိုးရှိပေမယ့် အချိန်အခါ အခြေအနေနဲ့ မလျော်ညီဘဲ ထွက်ပေါ်လာတဲ့စကားလုံးတွေ ဖြစ်လာပါတော့တယ်။ အခုဒီဆောင်းပါးမှာ လတ်တလောရေပန်းစားနေတဲ့ အမျိုးသားရင်ကြားစေ့ရေး စကားလုံးနဲ့ ပတ်သက်တဲ့ အခြေခံသဘောတရားနဲ့ စကားလုံးအသုံးပြုရတဲ့ အခြေအနေ အချိန်အခါကိုတင်ပြလိုပါတယ်။

## အမျိုးသားရင်ကြားစေ့ရေး

အမျိုးသားရင်ကြားစေ့ရေးဆိုတာ ရေရှည်ခံငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် အလွန်အရေးကြီးတဲ့ သဘောတရားတခုဖြစ်ပါတယ်။ နိုင်ငံတနိုင်ငံက ပြည်သူလူထု၊ အစိုးရ၊ တပ်မတော်၊ လူမျိုးစုတွေအချင်းချင်းအကြားမှာ ပဋိပက္ခတွေဖြစ်ပွားလာတဲ့အခါ အကြမ်းဖက်မှု၊ တရားမျှတမှုကင်းမဲ့တဲ့လုပ်ရပ်တွေ ထွက်ပေါ်လာတတ်ပါတယ်။ အင်အားကြီးသူက အင်အားနည်းသူကို အနိုင်ကျင့်နှိပ်စက်သတ်ဖြတ်မှုတွေ ဖြစ်ပွားလာပါတယ်။

ဒီလိုနဲ့ ပဋိပက္ခတွေပြေလည်လာပြီးတဲ့အခါ ပဋိပက္ခဖြစ်ပွားခဲ့တဲ့ ပြည်သူနဲ့ တပ်မတော်အကြား လူမျိုးစုအချင်းချင်းတွေကြားမှာ တဦးနဲ့တဦးတည်ရှိမှုနဲ့ ရပ်တည်မှုကို အပြန်အလှန်အသိအမှတ်ပြုခြင်း၊ တဦးနဲ့တဦးရဲ့ ကွဲပြားခြားနားမှုတွေ အကျိုးစီးပွားတွေ၊ တန်ဘိုးထားမှုတွေကို အပြန်အလှန်လေးစားခြင်း စတဲ့ တွေ့ဆုံဆွေးနွေးမှုတွေပြုလုပ်ရပါတယ်။ ဒီလိုတွေ့ဆုံဆွေးနွေးမှုတွေဟာ ပဋိပက္ခပေါ်မှာမူတည်ပြီး ရေတို ရေရှည် အချိန်အတာတခုကြာတတ်ပါတယ်။ ဒီလို တွေ့ဆုံဆွေးနွေးမှုတွေပြုလုပ်တဲ့ဖြစ်စဉ်ကို အမျိုးသားရင်ကြားစေ့ရေးဖြစ်စဉ်အဖြစ် ခေါ်ဆိုပါတယ်။

နိုင်ငံရေးအကြမ်းဖက်မှုရဲ့ စိတ်ပိုင်းဆိုင်ရာနောက်ဆက်တွဲပြဿနာတွေကို လေ့လာခဲ့တဲ့ပညာရှင် Montville ဆိုသူက နိုင်ငံရေးပဋိပက္ခတွေအကြားမှာ အကြမ်းဖက်မှုခံထားရမှုများဟာ နောင်မှာ ဒီလိုအကြမ်းဖက်မှုတွေ ထပ်မံဖြစ်ပွားလာမှာကို ကြောက်ရွံ့စိတ်တွေရှိနေတတ်ပြီး ဒီလိုကြောက်ရွံ့စိတ်တွေဟာ သူတို့အပေါ် အကြမ်းဖက်ခဲ့သူတွေအပေါ် ယုံကြည်မှုကိုလျော့နည်းစေတတ်တယ်လို့ ဆိုထားပါတယ်။ ဒီလိုယုံကြည်မှု လျော့နည်းနေတာနဲ့ အမျှ စစ်မှန်တဲ့ပူးပေါင်းဆောင်ရွက်မှုနဲ့ တိုင်ပင်ညှိနှိုင်းမှုတွေ ရှိလာမှာမဟုတ်ပါဘူး။ ဒီအခါမှာ နိုင်ငံတနိုင်ငံရဲ့ တည်ဆောက်မှုဖြစ်စဉ်ကို ထိခိုက်စေနိုင်ပါတော့တယ်။

ဖိနှိပ်သူတွေနဲ့ ဖိနှိပ်ခံရသူတွေအကြားမှာ စစ်မှန်တဲ့ နားလည်ခွင့်လွှတ်မှုဖြစ်ပေါ်လာရေးမှာ အဆင့် ၃ ဆင့်ရှိပါတယ်။ ပထမအဆင့်ကတော့ အသိပေးခြင်းအဆင့် acknowledgment ဖြစ်ပါတယ်။ ဒီအဆင့်မှာ ဖိနှိပ်ခဲ့တဲ့အာဏာရှင်တွေဟာ သူတို့ဘာတွေလုပ်ခဲ့သလဲဆိုတာကို အများပြည်သူကိုအသိပေးမှုတွေ ပြုလုပ်ရပါတယ်။ အမှန်တရားကို ဖော်ထုတ်ပြောကြားပြီး နောင်တချိန်မှာ ဒီလိုမဖြစ်စေရဘူးဆိုတဲ့အသိကို လူအများယုံကြည်လာအောင် အသိပေးရပါတယ်။

နောက်တချက်ကတော့ contrition အဆင့်ဖြစ်ပါတယ်။ ဒီအဆင့်မှာ ဖိနှိပ်ချုပ်ချယ်သူအာဏာရှင်တွေဟာ အတိတ်ကဖြစ်ရပ်တွေအတွက် တာဝန်ယူတာ၊ နောင်တရမှုကို ထုတ်ဖော်ပြောကြားတာနဲ့ ခွင့်လွှတ်ဘို့ တိုက်ရိုက်တောင်းပန်မှုတွေပြုလုပ်ရပါတယ်။ ဒီအဆင့်မှာ ရိုးသားမှုဟာအရေးကြီးဆုံးဖြစ်ပါတယ်။ တတိယအဆင့်ကတော့ ခွင့်လွှတ်ခြင်းအဆင့် forgiveness ဖြစ်ပါတယ်။ ဒီအဆင့်ကတော့ ဖိနှိပ်ခံခဲ့ရသူများက အတိတ်ကနာကျည်းချက်များကို သင်ပုန်းချေပြီး နားလည်ခွင့်ပေးတာဖြစ်ပါတယ်။

ဒီအတွက် အချိန်အတိုင်းအတာတခု ကြာမြင့်တတ်ပါတယ်။ ပထမအဆင့်နှစ်ဆင့်မှာ ဖိနှိပ်သူဘက်က ဘယ်လောက်အတိုင်းအတာအထိ ရိုးသားစွာပြင်ဆင်ခဲ့လဲဆိုတာအပေါ်မှာ အဓိကမူတည်ပါတယ်။ ဒါကြောင့်လည်း မှန်ကန်တဲ့နားလည်ခွင့်လွှတ်လက်ခံမှုတွေဖြစ်လာဘို့ အမျိုးသားရင်ကြားစေ့ရေးဖြစ်စဉ် national reconciliation process ဆိုတာ လိုအပ်လာတာဖြစ်ပါတယ်။ ဒါမှလည်း အနာဂတ်တိုင်းပြည်တည်ဆောက်မှုကို အရှိန်အဟုန်နဲ့ တိုးတက်အောင် လက်တွဲတည်ဆောက်နိုင်မှာဖြစ်ပါတယ်။

လူနှစ်ယောက်အိမ်ထောင်ပြုမှုမှာတောင် အိမ်ထောင်ဘက်တဦးဆီမှာ သံသယတွေ၊ မယုံကြည်မှုတွေ၊ အနိုင်ကျင့်စော်ကားမှုတွေ ရှိနေမယ်ဆိုရင် ဒီအိမ်ထောင်ဟာ ပြိုလဲခြင်းဖြစ်ရင်ဖြစ် မဖြစ်ရင်လည်း သာယာငြိမ်းချမ်းမှု ရှိနိုင်မှာမဟုတ်ပါဘူး။ အပြန်အလှန်လေးစားမှု၊ ယုံကြည်မှု၊ ညှိနှိုင်းဆောင်ရွက်မှုတွေအပေါ်မှာ အခြေတည်မှာ မိသားစုရဲ့အနာဂတ်ဘဝကို ကောင်းကောင်းမွန်မွန် ပျော်ပျော်ရွှင်ရွှင် လက်တွဲတည်ဆောက်လို့ ရနိုင်ပါတယ်။

နိုင်ငံတနိုင်ငံရဲ့ အခြေခံယူနစ်လေးတခုဖြစ်တဲ့ မိသားစုလေးတခု တည်ဆောက်တာတောင်မှ အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန်လေးစားမှု၊ နားလည်ခွင့်လွှတ်မှုဟာ ဒီလောက်အရေးကြီးတယ်ဆိုရင် နိုင်ငံတနိုင်ငံတည်ဆောက်မှုမှာဆိုရင် မည်မျှအတိုင်းအတာအထိ အရေးကြီးမယ်ဆိုတာ ခန့်မှန်းလို့ရနိုင်ပါတယ်။ ဒီတော့ ဘယ်လိုအခြေအနေမျိုးမှာ အမျိုးသားရင်ကြားစေ့ရေးဖြစ်စဉ် စတင်လာမလည်းဆိုတာ လေ့လာကြည့်ရအောင်ပါ။

## အမျိုးသားရင်ကြားစေ့ရေး

အမျိုးသားရင်ကြားစေ့ရေးဆိုတာ ဖြစ်ပေါ်နေတဲ့ ပဋိပက္ခဖြစ်စဉ်နဲ့ နိုင်ငံရေးအခြေအနေ၊ နိုင်ငံရေးအခင်းအကျင်း အချိန်အခါတွေအပေါ်မှာ မူတည်ပါတယ်။ နိုင်ငံရေးအခြေအနေ၊ အချိန်အခါကို မသုံးသပ်ဘဲ သဘောတရားနဲ့ဖြစ်စဉ်တွေကို အသုံးပြုလို့မရပါဘူး။ ဥပမာ – ဒိုင်ယာလော့ခ်ဆိုတဲ့ စကားလုံးကို နမူနာကြည့်နိုင်ပါတယ်။

ဒိုင်ယာလော့ခ်ဆိုတာက ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအခြေအနေမှာဆိုရင် ကနဦးဒီမိုကရေစီပြုပြင်ပြောင်းလဲမှုဖြစ်စဉ် Initial Democratization အရကြားဖြတ်အစိုးရအပေါ်ပေါက်လာပြီးမှ ဒီမိုကရေစီစနစ် အမြစ်တွယ်ခိုင်မာမှု democratic consolidation ကို အသွင်ကူးပြောင်းမှုကာလ transition period မှာ ခေါ်ဆိုရတာဖြစ်ပါတယ်။

ဒီကြားဖြတ်အစိုးရဆိုတာမှာ အတိုက်အခံဦးဆောင်တဲ့ ကြားဖြတ်အစိုးရ opposition-led provisional government ဒီမိုကရေစီအတိုက်အခံများနဲ့ အာဏာရှင်ဘက်မှ ပြုပြင်ပြောင်းလဲလိုသူများ ပူးတွဲတည်ထောင်တဲ့ ပါဝါရှယ်ယာ ကြားဖြတ်အစိုးရ power sharing interim government အာဏာရှင်ဘက်မှ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုပြုလုပ်ရန် ကြေညာဖွဲ့စည်းတဲ့ အိမ်စောင့်အစိုးရ incumbent-led caretaker government နဲ့ နိုင်ငံတကာကြားဖြတ်အစိုးရ international interim government ဆိုပြီး သဏ္ဌာန်လေးမျိုးရှိပါတယ်။

**ဆက်လက်ဖော်ပြပါမည်**

# မယ်လဒုကွာသည်စခန်းတွင် လူတုပ်ကွေး ရောဂါပိုးရှိသူ ၂၀ ဦး တွေ့ရှိ

**DVB၊ စက်တင်ဘာ ၂၅။ ။** ကရင်ဒုက္ခသည် အများအပြားခိုလှုံနေတဲ့ ထိုင်း–မြန်မာနယ်စပ်က မယ်လဒုက္ခသည်စခန်းမှာ နှစ်လအတွင်း လူ ၂၀ မှာ AH1N1 ကမ္ဘာ့လူတုပ်ကွေး ရောဂါပိုးရှိနေတာကို တွေ့ရပါတယ်။

မဲဆောက်မြို့ မြောက်ဘက် မယ်လဒုက္ခသည်စခန်းမှာ ဩဂုတ်လကနေ အခုအထိ နှစ်လအတွင်း လူ ၂၀ မှာ ကမ္ဘာ့လူတုပ်ကွေးရောဂါပိုးတွေ့ရတယ်လို့ စခန်း ကျန်းမာရေးဌာနက ပြောပါတယ်။ ဩဂုတ်လ ၂ ရက်နေ့က ၃ နှစ်အရွယ် ကလေးတယောက်ကို စမ်းသပ်စစ်ဆေးရာ AH1N1 ရောဂါပိုးတွေ့ခဲ့ပါတယ်။ ဒီနောက် စခန်းတွင်းအလုပ်လုပ်နေတဲ့ SMRU – Shoklo Malaria Research Unit ရှိုးကလိုး ငှက်ဖျားရောဂါ သုသေတနအဖွဲ့က ကိုယ်ပူ၊ နာရည်ယို၊ ရင်ဘတ်နာ၊ လယ်ချောင်းနာ စတဲ့ရောဂါလက္ခဏာရှိ သူတွေကို စမ်းသပ်စစ်ဆေးခဲ့ပါတယ်။

၅၁ ယောက်ကို စမ်းသပ်တဲ့အခါ ၁၆ ယောက်မှာ လူတုပ်ကွေးရောဂါပိုးတွေ့ရှိခဲ့သလို နောက်ထပ် ၄ ယောက်မှာလည်း ထပ်တွေ့တာကြောင့် အယောက် ၂၀ ရှိပြီလို့ စခန်းမှာဖွင့်ထားတဲ့ AMI Aide Medical International အဖွဲ့က ဆေးရုံရဲ့ ဆေးရုံအုပ် ဆရာစောနေဆဲက ပြောပါတယ်။ စခန်းတွင်း ကျန်းမာရေးအဖွဲ့တွေကလည်း ရောဂါဖြစ်ပွားသူ နေထိုင်တဲ့အိမ်တွေကို ဆေးဖြန်းတာအပြင် ရောဂါမပြန့်ပွားဖို့ ပညာပေးနေတဲ့အပြင် ရောဂါကူးစက်ခံရတဲ့ မိသားစုဝင်တွေနဲ့ တခြားမိသားစုဝင်တွေ အလည်အပတ် ခဏနားထားဖို့ ညွှန်ကြားထားပါတယ်။ အခုအခါ ရောဂါဖြစ်သူ အယောက် ၂၀ စလုံး သက်သာလာပြီလို့ ဆရာစောနေဆဲက ပြောပါတယ်။

“မယ်လစခန်းမှာ AH1N1 ဒီလူနာက မများပါဘူး။ ဆေးခန်းက လူနာတွေခွဲထားတယ်။ မယ်လစခန်းက လူထုက ဒီရောဂါနဲ့ပတ်သက်လို့သိတော့ အခု စိုးရိမ်စရာ သိပ်မရှိပါဘူး။ ဆိုးဆိုးဝါးဝါးဖြစ်မယ်လို့ ကျနော်မထင်ဘူး။”

ကရင်ပြည်နယ် ဖာပွန်ခရိုင် လူသောမြို့နယ် သေမူးဒိုကျေးနယ်က ရွာ ၇ ရွာမှာ ပြီးခဲ့တဲ့ ၁၁ ရက်ကစပြီး အမည်မသိရောဂါ ကူးစက်ပြန့်ပွားနေတယ်လို့ နယ်လှည့် ကြောပိုးအိတ်ဆေးကုသရေးအဖွဲ့တာဝန်ရှိသူ နော်သောသီဖောက ပြောပါတယ်။ လက်ရှိ လူ ၃၀၀ လောက် ကူးစက်ခံနေရတယ်လို့ သူကပြောပါတယ်။

“တုတ်ကွေးလို နှာစေးချောင်းဆိုးတာ၊ ကိုယ်ပူတာလိုမျိုး။ ငှက်ဖျားစစ်ကြည့်တော့ အားလုံးမှ တယောက်ပဲ ပေါ်တယ်။ ငှက်ဖျားမဖြစ်နိုင်ဘူး။ ဗိုင်းရပ်စ်တခုခုဆိုတာ သေချာပြီ။ ၁၀ ရက်အတွင်းလူ ၃၀၀ ကျော်ဖြစ်တာ။”

ရောဂါလက္ခဏာက လူတုပ်ကွေးရောဂါနဲ့ ဆင်တူကြောင်းနဲ့ အဲဒီဒေသက အလယ်တန်းကျောင်းကို ပိတ်ထားရတယ်လို့ဆိုပါတယ်။ ရောဂါဖြစ်နေတဲ့နေရာဟာ ကရင်အမျိုးသားအစည်းအရုံး ထိန်းချုပ်ရာနယ်မြေဖြစ်ပြီး မြို့ပြနဲ့ဝေးလို့ နီးစပ်ရာ ဆေးမှူး၊ ဆေးခန်းတွေနဲ့ နယ်လှည့်ကျောပိုးအိတ်အဖွဲ့ ဝင်တွေက ကုသပေးနေတယ်လို့ နော်သောသီဖောက ပြောပါတယ်။ ဘာရောဂါဆိုတာ စပ်းသပ်နေဆဲဖြစ်ပြီး မကြာခင်မှာပြောဆိုနိုင်ဖွယ်ရှိတယ်လို့ သူကပြောပါတယ်။

# တိုင်းပြည်အကျိုး ရှေးရှုလျှင် နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ရန်လို

**DVB၊ စက်တင်ဘာ ၂၄။ ။** နအဖစစ်အုပ်စုက အကျဉ်းသား ၇ ထောင်ကျော် လွှတ်ပေးလိုက်တာကို ကြိုဆိုပေမယ့် ပြည်သူ့အကျိုးကို တကယ်ရှေးရှုတယ်ဆိုရင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ကျန်နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးသင့်တယ်လို့ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့၊ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့နဲ့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်တို့က ပြောဆိုလိုက်ပါတယ်။

လွှတ်ပေးလိုက်တဲ့အထဲမှာ နိုင်ငံရေးအကျဉ်းသား အနည်းငယ်သာပါတဲ့အတွက် နအဖစစ်အုပ်စုဟာ နိုင်ငံတကာဖိအားတွေ လျော့ကျစေဖို့၊ ပြည်သူကို လှည့်ဖြားဖို့ လွှတ်ပြနေသလိုမျိုးဖြစ်နေတယ်လို့ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့က ကိုထွန်းမြင့်အောင်က ပြောပါတယ်။

“ကမ္ဘာနဲ့ ပြည်သူတရပ်လုံး အလေးအနက်တောင်းဆိုနေတာက နိုင်ငံရေးအကျဉ်းသားအားလုံး ခြွင်းချက်မရှိ တယောက်မကျန်လွှတ်ပေးရေး။ နအဖစစ်အုပ်စုက လွှတ်တဲ့အခါတိုင်းမှာ နိုင်ငံရေးအကျဉ်းသားက ၁ ရာခိုင်နှုန်းတောင် မပြည့်တဲ့ ပုံစံမျိုးတွေနဲ့လုပ်နေတယ်။”

အခုလို မရိုးသားတဲ့နည်းနဲ့ အချိန်ဆွဲ အရောင်ပြ အကျဉ်းသားလွှတ်နေတာမျိုးမဟုတ်ဘဲ တိုင်းပြည်ရဲ့ အမျိုးသားရင်ကြားစေ့ရေးအတွက် အရေးကြီးတဲ့ ခြေလှမ်းဖြစ်တဲ့ နိုင်ငံရေးအကျဉ်းသားအားလုံး ခြွင်းချက်မရှိ တယောက်မကျန် ပြန်လွှတ်ပေးရေးဟာ အင်မတန်အရေးကြီးတာကြောင့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ချက်ချင်းလွှတ်ပေးဖို့ တောင်းဆိုချင်တယ်လို့လည်း ကိုထွန်းမြင့်အောင်က ပြောပါတယ်၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် ဗကသရဲ့ပြောရေးဆိုခွင့်ရှိသူ ကိုဇာနည်က နအဖစစ်အုပ်စုက နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးတယ်ဆိုတာ ဆင်သေကို ဆိတ်သားရေနဲ့ ဖုံးဖို့ကြိုးစားနေတာလို့ ပြောပါတယ်။

“တကယ်တော့ ဘယ်လိုမှ ဖုံးလို့မရနိုင်ပါဘူး။ အမျိုးသားညီလာခံက တိုင်းရင်းသားတွေကို ကိုယ်စားမပြုဘူး။ လူတန်းစား အလွှာအသီးသီးကိုလည်း ကိုယ်စားမပြုတဲ့အတွက် ၂၀၁၀ ရွေးကောက်ပွဲဟာ အတုအယောင်ပဲဖြစ်မှာပါ။”

စစ်အုပ်စုက တဘက်မှာ အကျဉ်းသားတွေကိုလွှတ်ပေးနေသလိုတဘက်မှာလည်း ဖမ်းဆီးမှုတွေပြုလုပ်နေပါတယ်။ တနိုင်ငံလုံး အတိုင်းအတာနဲ့ စက်တင်ဘာ တလတည်းမှာ ဖမ်းဆီးခံရသူ ၃၀ ကျော်ရှိနေတဲ့အပေါ် စစ်အုပ်စုဟာ ဒီနေ့လွှတ်ပေး၊ မနက်ဖြန် ပြန်ဖမ်းပုံစံမျိုးတွေလုပ်နေတဲ့အတွက် ထောင်သံသရာလည်နေတယ်လို့ ကိုထွန်းမြင့်အောင်က သုံးသပ်ပါတယ်။

“တိုင်းပြည် ဒီနေ့ ရင်ဆိုင်နေရတဲ့ ပြဿနာတွေကို တွေ့ဆုံဆွေးနွေးဖြေရှင်း၊ အဖြေမှန်ရောက်အောင် မလုပ်သေးသ၍ တိုင်းပြည်အခက်အခဲတွေလည်း ဒီနေ့အထိ ခံစားတာထက် ပိုဆိုးတဲ့အခြေအနေမျိုးတွေ ရောက်နေဦးမှာပဲ။”

နအဖစစ်အုပ်စုအနေနဲ့ အချိန်ဆွဲ အရောင်ပြလုပ်နေတာမျိုးထက် တိုင်းပြည်မျက်နှာကို ကြည့်ပြီး စေတနာမှန်မှန်နဲ့လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့တကွ နိုင်ငံရေးအကျဉ်းသားအားလုံးကိုလွှတ်၊ တွေ့ဆုံဆွေးနွေးပြီး တိုင်းပြည်ရဲ့ ပြဿနာကို ဖြေရှင်းမယ်ဆိုရင် အားလုံးအတွက်ကောင်းပြီး ပျော်စရာဖြစ်လာမှာပါလို့လည်း ကိုထွန်းမြင့်အောင်က ပြောပါတယ်။

---

## ပြကွဒိန်မှ

**စက်တင်ဘာ ၂၅၊ RFA ။ ။** အမေရိကန်သည် မြန်မာစစ်အစိုးရနှင့် တိုက်ရိုက်ဆက်ဆံမှု အပါအဝင် မြန်မာနိုင်ငံဆိုင်ရာမူဝါဒအပြောင်းအလဲအပေါ် အတိုက်အခံအင်အားစုများနှင့်ပါ ကျေလည်စွာဆွေးနွေးမည်ဆိုလျှင် လက်ခံနိုင်ကြောင်း ဒေါ်အောင်ဆန်းစုကြည်မှ ယမန်နေ့ကဆို၏။

**စက်တင်ဘာ ၂၅၊ DVB ။ ။** လိမ္မော်ရောင်လှုပ်ရှားမှုနှင့် ၂၀၀၇ ရဟန်းသပိတ်နှစ်လည် အထိမ်းအမှတ်နှင့် အင်္ဂါနေ့ဆုတောင်းပွဲဆက်လုပ်နေရာ အဝါရောင်ဝတ်ဆင်သုံးစွဲ၍ ဝတ်ပြုလာသူများအား အာဏာပိုင်များမှ ဆွဲချွတ်ခြင်းများပြုလုပ်ကြောင်း။

**စက်တင်ဘာ ၂၅၊ NEJ ။ ။** ငါးထောင်တန်ကျပ်ငွေစက္ကူများ ထုတ်မည်ဟုသတင်းထွက်နေ၍ ရန်ကုန်ရွှေကုန်သည်များ ဈေးမဖွင့်ရဲဖြစ်နေကြောင်း။

**စက်တင်ဘာ ၂၅၊ Mizzima ။ ။** ပါတီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံနိုင်ရေး စီစဉ်ပေးရန် အဖွဲ့ချုပ်လူငယ်များက ဗဟိုအလုပ်အမှုဆောင်အားတောင်းဆိုလိုက်ကြောင်း။


Engagement Policy
TEST... FOR..
NEXT... 20 YRS...
???
BURMA...
NEW ENGAGEMENT POLICY...
myBurma 09

# အဖွဲ့ချုပ်ဝင် မချိုနဲ့ သုံးရောင်ခြယ် ကိုစိန်လှိုင်တို့ ၃ ဦး အမှုတွဲ စစ်

**DVB၊ စက်တင်ဘာ ၂၃။** ။ပြီးခဲ့တဲ့ မတ်လက ဖမ်းဆီးထားတဲ့ အဖွဲ့ချုပ် ဗဟို လူမှုအထောက်အကူပြု အဖွဲ့ဝင် မမြင့်မြင့်စန်း အပါအဝင် ၃ ဦးကို ဒီနေ့အင်းစိန် ထောင်တွင်း သီးသန့်တရားရုံးမှာ ရုံးထုတ်စစ်ဆေးခဲ့တယ်လို့ သူ့တို့ရှေ့နေ ဦးကျော်ဟိုးက ပြောပါတယ်။

အဖွဲ့ချုပ်ဗဟို လူမှုအထောက်အကူပြုအဖွဲ့ဝင် မချို၊ စမ်းချောင်းမြို့က သုံးရောင်ခြယ်အဖွဲ့ဝင် ၈၈ မျိုးဆက်ကိုစိန်လှိုင်၊ လှိုင်မြို့နယ် အဖွဲ့ချုပ်ဝင် ကိုရွှေဂျီး တို့ ၃ ဦးကို တရားမဝင်အသင်းနဲ့ဆက်သွယ်မှုပုဒ်မ ၁၇–၁နဲ့ တရား စွဲထားပြီး ဒီနေ့ ပထမဆုံးအကြိမ် အမှုစစ်တာ ဖြစ်ပါတယ်။ ဒီနေ့ တရားလိုပြ သက်သေရဲ ၂ ဦးကို စစ်ဆေးခဲ့တာနဲ့ပတ်သက်ပြီး ရှေ့နေ ဦးကျော်ဟိုးက ပြောပြပါတယ်။

"သူတို့ စွပ်စွဲတာက အီဗား ခေါ် ဆန်းလှိုင်က အန်အယ်လ်ဒီ အယ်လ်အေ အဖွဲ့ဝင်တယောက်ဖြစ်တယ်။ အဲဒီကနေ သူက အကျဉ်းကျခံနေရတဲ့ မိသားစု တွေဆီ ငွေတွေ ပို့ပေးတယ်ဆိုပြီးစွပ်စွဲတယ်။ အီဗား ခေါ် ဆန်းလှိုင်က အန်အယ်လ်ဒီ အယ်လ်အေ အဖွဲ့ဝင်ဖြစ်တဲ့အကြောင်းကို ခင်ဗျားတို့က အထောက်အထား ပြစရာရှိသလားဆိုတော့ စစ်ဆေး ဖော်ထုတ်ချက်အရ သူတို့ အဲဒီအထောက်အထားမရှိပါဘူးလို့ ထွက်ဆိုထားတယ်။ အဲဒီအတွက် ဒါကို မတရားအသင်းနဲ့ ဆက်သွယ်တယ်လို့ပြောလို့မရဘူး။ အီဗား ခေါ် ဆန်းလှိုင်က အန်အယ်လ်ဒီ အယ်လ်အေက ဖြစ်ကြောင်းကို တရားလိုဘက်က သက်သေပြဖို့တာဝန်ရှိတယ်။"

အမှုမစစ်ခင် ရှေ့နေတွေကို အမှုသည်တွေနဲ့ တိုင်ပင်ဆွေးနွေးခွင့် တောင်းတာကို စမ်းချောင်းမြို့နယ် တရားသူကြီး ဦးတင်ဆွေလင်းက ခွင့်မပြုခဲ့ဘဲ ဒီနေ့ အမှုစစ်ရာမှာ မိသားစုဝင်တွေကြားနာခွင့်မရဘူးလို့ ဦးကျော်ဟိုးက ပြောပါတယ်။

"ဒီနေ့ အမှု စ စစ်တော့ တရားသူကြီးကို ပြောတယ်။ ထောင်ကလည်း တွေ့ခွင့်မပေးဘူး၊ အခု အမှုစစ်မယ်ဆိုတော့ ကျနော်တို့ကို နာရီဝက်လောက် အချိန်ပေးပါ။ ကျနော်တို့ instruction ယူပါရစေဆိုတော့ တရားသူကြီးက ခွင့်မပြုဘူး။ instruction မရှိဘဲနဲ့ အမှုကို စစ်ရတဲ့ အနေအထားရောက်သွားတာကိုး။ တရားမျှတမှုအရ ကြည့်မယ်ဆိုရင် ဟိုဘက်ကို ပြင်ဆင်ချိန်ပေးသလို ကျနော်တို့ကို ပြင်ဆင်ချိန်ပေးသင့်တာပေါ့။ ကျနော်တို့က ဘာမှ ညွှန်ကြားချက် မရဘဲ၊ အမှုအကြောင်း ဘာမှမသိဘဲနဲ့ စမ်းတဝါးဝါးနဲ့ စစ်ရတယ်ဆိုတော့ နှစ်ဘက်မျှမျှတတ မရှိဘူးလို့ ပြောလို့ရတာပေါ့။"

ဒီလ ၃၀ ရက်နေ့ကို ရုံးချိန်းပေးလိုက်တယ်လို့ သိရပါတယ်။ ထောင်ပါဆယ်တွေကို ကျွတ်ကျွတ်အိတ်နဲ့ပို့တာ လက်မခံတော့ဘူးဆိုတဲ့ အကြောင်း အင်းစိန်ထောင်မှာ ကြော်ညာကပ်ထားတယ်လို့ ထောင်နဲ့နီးစပ်သူတဦးက ပြောပါတယ်။ အောက်တိုဘာ ၁ ရက်နေ့ကစပြီး ပါဆယ်တွေကို ကျွတ်ကျွတ်အိတ်နဲ့ပို့တာ လက်မခံတော့တာဟာ ကျွတ်ကျွတ်အိတ် ကင်းစင်ရေး လုပ်တာဖြစ်နိုင်ပြီး ကျွတ်ကျွတ်အိတ်အစား တခြားဘယ်လိုအိတ်မျိုးကို အစားထိုးအသုံးပြုရမယ်ဆိုတာ ပြောမထားတဲ့အတွက် အစပိုင်းမှာ ထောင်ဝင်စာပါဆယ်ပို့သူတွေ အခက်အခဲဖြစ်နိုင်တယ်လို့ အဲဒီထောင်နဲ့ နီးစပ်သူက ပြောပါတယ်။


Voice of Burma

1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
koko@gol.com

၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်


To

AIR MAIL

PRINTED MATTER